# ကြေးမုံ The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ (၆၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ အလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၁၂)ရက်မြောက်နေ့ ကောက်ယူနေပါသည်။



ကြေးမုံ

# အခြေခံမူများကို လေးစားလိုက်နာ အာဆီယံနိုင်ငံများနှင့်လက်တွဲ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အောက်တိုဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လာရောက်ဂါရဝပြု တွေ့ဆုံခဲ့သည်။

ဂါရဝပြုတွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က “မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကိုလိုလားကြောင်း၊ ဆက်လက်၍ အာဆီယံအဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မြဲအောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်လာကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း” ပြောကြားခဲ့သည်။

ယခုအခါ (၄၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၏ အရေးကိစ္စများကို ဆွေးနွေးလျက်ရှိသည်။ ယခုနှစ်တွင် အာဆီယံအစည်းအဝေးများကို အလှည့်ကျဥက္ကဋ္ဌ လာအိုနိုင်ငံတွင်သာမက အာဆီယံနိုင်ငံများတွင်လည်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခုပြုလုပ်သည့် အာဆီယံရေတပ်ဦးစီးချုပ်အစည်းအဝေးအပြင် အခြားအစည်းအဝေးများလည်း ပြုလုပ်သွားမည်ဟု သိရသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာသည့် ၁၉၉၇ ခုနှစ်မှစတင်၍ ယနေ့ထက်တိုင် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် သစ္စာရှိရှိ၊ တာဝန်သိသိရပ်တည်လုပ်ကိုင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏အခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့တို့ကထားရှိသည့် သဘောထားများကို တွေ့မြင်ကြားသိကြရမည်ဖြစ်သည်။ နိုင်ငံတကာအစည်းအဝေးများတွင် အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက် ဖိအားပေးမှုများနှင့်အတူ မြန်မာနိုင်ငံအပေါ်ဖိအားပေး ဆက်ဆံလုပ်ကိုင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဆက်ဆံပြုမူ လုပ်ကိုင်နေသည်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် ချစ်ခင်ရင်းနှီးစွာ အတူပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နှင့်အညီ လိုက်နာကျင့်သုံးလုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို ဦးဆောင်ချမှတ်ခဲ့သည့် နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ပါအတိုင်း နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာကိုလေးစားရေး၊ အပြန်အလှန်မကျူးကျော်ရေး၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ အကျိုးတူကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြဿနာများကို ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းဖြေရှင်းရေးဟူသော မူကြီးငါးချက်ကို အစဉ်အလေးထား လိုက်နာဆောင်ရွက်လျက်ရှိသည်။ အာဆီယံ၏အခြေခံမူများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်းဟူသည့် အချက်များချမှတ်ထားသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိခြင်း၊ ပြင်ပမှဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အခွင့်အရေးများကို လေးစားလိုက်နာရမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့်ပတ်သက်သည့်ကိစ္စများတွင် နောက်ကွယ်မှ အင်အားကြီးအုပ်စုအချို့၏ နိုင်ငံရေးအရ ဖိအားပေးမှုများကို မလွန်ဆန်နိုင်သည့် အဖွဲ့ဝင်နိုင်ငံအချို့က မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးနှင့်ပတ်သက်၍ လိုသလိုဖိအားပေးပြီး အစည်းအဝေးတက်ရောက်ခြင်းကိစ္စများနှင့် ဆက်စပ်ဖိအားပေးလုပ်ကိုင်မှုများမှာ အာဆီယံပဋိညာဉ်စာတမ်းမှ နိဒါန်းစာပိုဒ်တွင်ပါဝင်သည့် “တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောအသွင်လက္ခဏာ၊ တစ်ခုတည်းသောကောင်းတူဆိုးဖက် “အသိုက်အဝန်း” ဟူသည့် သဘောထားရည်မှန်းချက်နှင့် စည်းလုံးညီညွတ်မှု၊ တူညီသောဆန္ဒနှင့် စုပေါင်းစိတ်ဆုံးဖြတ်မှုတို့ဖြင့် ပေါင်းစည်းကြမှု” ဟူသည့် ကောင်းမြတ်သော ရည်မှန်းချက်ကို သွေဖည်ရာရောက်နေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စည်းလုံးညီညွတ်သောစိတ်ထားကို မျက်ကွယ်မပြုဘဲ ပေါ်ပေါက်လာသောကိစ္စများနှင့်ပတ်သက်၍ အာဆီယံပဋိညာဉ်စာတမ်းအရ အငြင်းပွားမှုကို တွေ့ဆုံဆွေးနွေးခြင်း၊ တိုင်ပင်ညှိနှိုင်းခြင်း၊ စေ့စပ်ဆွေးနွေးခြင်းနည်းတို့ဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် မြန်မာနိုင်ငံဘက်မှ အာဆီယံနိုင်ငံများနှင့်အတူ လက်တွဲဆောင်ရွက်ရန် အစဉ်အမြဲအသင့်ရှိနေပါကြောင်း။ ။

## အစမ္ဗခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္ဗခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အစမ္ဗခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္ဗခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္ဗခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္ဗခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္ဗခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္ဗခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အစမ္ဗခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္ဗခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အစမ္ဗခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအစမ္ဗခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@ gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အစမ္ဗခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အစမ္ဗခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၃ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၁

ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ် ၅၆ စက္ကန့်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၃၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၈၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၇၀၀ | ၂၄၆ | ၂,၁၁၆,၂၀၀ |
| MTSH | ၃,၄၀၀ | ၃,၃၅၀ | ၁၆၄ | ၅၅၆,၉၀၀ |
| MCB | ၈,၈၀၀ | ၈,၈၀၀ | ၆၈ | ၅၉၈,၄၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၄,၂၃၂ | ၈,၂၅၂,၄၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂၁၁ | ၃၅၈,၇၀၀ |
| AMATA | ၄,၄၀၀ | ၄,၅၀၀ | ၁၇၉ | ၇၈၇,၇၀၀ |
| MAEX | ၃,၃၅၀ | ၃,၄၀၀ | ၄၅၇ | ၁,၅၅၁,၅၅၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❍ ရွှေဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊မိသားစုများ၊ တပ်မတော်ဘောလုံး အကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် (၆၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ အလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများ ဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်၊ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင် ကစားခဲ့ကြပြီး ပွဲကစားချိန် ၃၇ မိနစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်းပွဲကစားချိန်၌ တစ်ဖက်နှင့်တစ်ဖက် **စာမျက်နှာ ၄ သို့** ❍




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအား ငွေသားဆုပေးအပ်ချီးမြှင့်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများတွင် ဆုတံဆိပ် ဒုတိယအများဆုံးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း (ဒုတိယ)ဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် တတိယအများဆုံးရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း(တတိယ)ဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များအား စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့က လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး ဇေယျာသီရိ တပ်မတော်အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြစဉ်။

❍ စာမျက်နှာ ၃ မှ
အပြန်အလှန် အကြိတ်အနယ်ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲကစားချိန်ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တစ်ဂိုး-ဂိုးမရှိရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့်အတူ စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် ဆုရဘောလုံးအသင်း သုံးသင်းတို့မှ အားကစားသမားများက ဇေယျာသီရိတပ်မတော်အားကစားကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသူများနှင့် အသန့်ရှင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြုအသင်းကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က ဒုတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပထမဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပထမဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြုအသင်းအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်တတိယအများဆုံးရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း(တတိယ)ဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် ဒုတိယအများဆုံးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း(ဒုတိယ)ဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၆၅ ခု၊ ငွေတံဆိပ် ၄၃ ခု၊ ကြေးတံဆိပ် ၄၁ ခု စုစုပေါင်း ဆုတံဆိပ် ၁၄၉ ခုဖြင့် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အားကစားသမားများက လက်ခံရယူသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့်ချီတက်၍ လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး ဇေယျာသီရိ တပ်မတော် အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပြန်လည်လက်ပြနှုတ်ဆက်ကြသည်။

ထိုသို့ ချီတက်ထွက်ခွာချိန်တွင် (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်စဉ်။

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အစီရင်ခံစာများနှင့် ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုဖော်ပြသင့်

ဂျီနီဗာမြို့၌ မကြာသေးမီကကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၇)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပေါ် ဝေဖန်ပြစ်တင်သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား(IIMM)၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် လည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် လည်းကောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံမပါဝင်ဘဲ ပြုလုပ်ခဲ့သည်။ ကောင်စီအနေဖြင့် ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း မြန်မာနိုင်ငံအပေါ် ဦးတည်သည့် ယန္တရားများ၏ အစီရင်ခံစာအပေါ် ဆွေးနွေးပွဲ စုစုပေါင်း (၆)ကြိမ် ပြုလုပ်ခဲ့ရာ ယင်းတို့သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မျှ အကျိုးမပြုသည့်အပြင် ကုလသမဂ္ဂ၏ အချိန်နှင့် အရင်းအမြစ်များကိုလည်း အလဟဿ ကုန်ခန်းစေသည်။

အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒဖြင့် အတည်ပြုချမှတ်ထားခြင်းမရှိသည့်အပြင် နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်လျက် နိုင်ငံရေးသွတ်သွင်းထားသော ဆုံးဖြတ်ချက်အဆိုမှ ဆင်းသက်လာသည့် IIMM ယန္တရားအား စတင်တည်ထောင်ချိန်ကတည်းကပင် မြန်မာနိုင်ငံအနေဖြင့် အသိအမှတ်ပြု လက်ခံခဲ့ခြင်းမရှိပါ။ ကောင်စီအစည်းအဝေးကာလအတွင်း ဆွေးနွေးခဲ့သည့် IIMM ၏ အစီရင်ခံစာသည် ခိုင်မာမှုမရှိသော အရင်းအမြစ်များအပေါ် အခြေခံ၍ ကောက်ချက်ချထားသည်ကို တွေ့ရသည်။ ထို့ပြင် အဆိုပါယန္တရားသည် သက်တမ်းအကန့်အသတ်မရှိခြင်း၊ စိစစ်ကြပ်မတ်မှုမရှိခြင်း၊ ကုလသမဂ္ဂမှ ခွဲဝေချထားပေးငွေအပြင် ပြင်ပမှရရှိသော ရန်ပုံငွေများအပေါ် မှီခိုခြင်းတို့ကြောင့် ၎င်း၏ အမှီအခိုကင်းမှု၊ ဘက်မလိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုတို့မှာ မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ အစီရင်ခံစာတွင် အတည်မပြုနိုင်သော အချက်အလက်များနှင့် အထင်အမြင်လွဲမှားစေသည့် အချက်များအပေါ် အခြေခံသည့် စွပ်စွဲချက်များပါဝင်ရာ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းအကြား အထင်အမြင်လွဲမှားမှုကို ဖြစ်ပေါ်စေသည်။ ယင်းအစီရင်ခံစာပါ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စိတ်ကျန်းမာရေးဆိုင်ရာ စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်မှစ၍ အကျဉ်းထောင်များသို့ သွားရောက်ကာ အကျဉ်းထောင်အခြေအနေနှင့် အကျဉ်းသားများထားရှိမှုနှင့်ပတ်သက်၍ စစ်ဆေးအကြံပြုလျက်ရှိသည်။ မြန်မာနိုင်ငံသည် စိတ်ကျန်းမာရေးပြဿနာများကို ဖြေရှင်းရန် စိတ်ကျန်းမာရေးမူဝါဒနှင့် စိတ်ကျန်းမာရေး မဟာဗျူဟာစီမံချက်(၂၀၂၁-၂၀၂၄)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံချက်သည် ဆေးရုံများနှင့် အသိုက်အဝန်းများအကြား စိတ်ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရာတွင် ဘက်စုံလွှမ်းခြုံနိုင်ရန် ရည်ရွယ်သည်။

မဟာမင်းကြီး၏ အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များကို စိစစ်အတည်ပြုခြင်းမရှိသည့်အပြင် အစိုးရက တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များကိုလည်း ချန်လှပ်ထားသည်ကို တွေ့ရသည်။ အထူးသဖြင့် ယင်းအစီရင်ခံစာတွင် PDF များနှင့် လက်နက်ကိုင်အဖွဲ့များ၊ AA ၏ အကြမ်းဖက်မှုများကို လျှော့ပေါ့ဖော်ပြထားပြီး ထိတွေ့မှုဆိုင်ရာစည်းမျဉ်းနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သော တပ်မတော်၏ တန်ပြန်တုံ့ပြန်မှုများကိုမူ တစ်ဖက်စောင်းနင်း ဖော်ပြထားသည်။ အကြမ်းဖက်မှုများကို လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးခြင်း မပြုရန်နှင့် အစိုးရ၏ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းအား တိုက်တွန်းသည်။

နိုင်ငံတော်အစိုးရသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားသည်နှင့်အညီ မြန်မာနိုင်ငံတွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၁-၁၀-၂၀၂၄ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ စတင်ကောက်ယူလျက်ရှိရာ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှုအကူအညီများကို အမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိဘဲ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးတွင် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုအကူအညီများကို ခွင့်ပြုပေးလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်သည့်ဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအတွက် ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး အကူအညီပစ္စည်းများ ဖြန့်ဝေရာတွင် အကူအညီပေးသည့် အဖွဲ့အစည်းများ လိုက်ပါနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

အစိုးရသည် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမှာ သိသာစွာတိုးတက်လာသည်။ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက နယူးယောက်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးပေါ်ညွှန်ကြားရေးမှူးများအဖွဲ့(EDG) မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးလျက်ရှိသည့် မူဝါဒများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်အတွင်း (၂)ကြိမ် ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်ရေးအတွက် မဆုတ်မနစ်ကြိုးပမ်းမှုများကို အသိအမှတ်ပြုချိန်တန်ပြီဖြစ်သည်။ အပ်ကြောင်းထပ်နေသော ပုံစံတူယန္တရားများဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေခြင်းထက် မြန်မာနိုင်ငံရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ယင်းယန္တရားများကို အဆုံးသတ်ပြီး အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် ကုလသမဂ္ဂအား တိုက်တွန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးပြီး “ကူညီကမ်းဆက် ဂီတလက်ဖြင့်”ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**ရန်ကုန် အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး“ကူညီကမ်းဆက် ဂီတလက်ဖြင့်” ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ မြန်မာအသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမ၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလဆန်းတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ အခမ်းအနားတွင် အသုံးပြုမည့် လာဘ်ကောင်ရုပ်(Mascot)များအတွက် ကုန်ကျငွေကျပ်သိန်း ၁၅၀ ကို Trusty Pay ကုမ္ပဏီက ပေးအပ်လှူဒါန်းရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အသုံးပြုမည့် လာဘ်ကောင်ရုပ်(Mascot)များအတွက် ကုန်ကျငွေကျပ် သိန်း ၁၅၀ ကို Trusty Pay ကုမ္ပဏီက ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio-1 ၌ ဒါရိုက်တာ ဩရသ၏ “ဘဝနှင့် အနုပညာ”အစီအစဉ် ရိုက်ကူးနေမှု၊ Studio-2 ၌ Lighting မီးလုံးအသစ်များ တပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်ရိုက်ကူးနေမှု၊ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရေး လှုံ့ဆော်တေးသီချင်း နှစ်ပုဒ်ဖြစ်သည့် “ဆန္ဒမဲပေးကြပါ”နှင့် “အတူတူမဲသွားပေးကြစို့”သီချင်းများ MTV ရိုက်ကူးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ပါဝင်ဆောင်ရွက်သူများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း ယာယီရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီဖွဲ့စည်းပြီး ရုံးခန်းဖွင့်လှစ်အသုံးပြုရန် လျာထားသည့် အဆောက်အအုံနှင့် ပြင်ဆင်ထားရှိမှု၊ MRTV နှင့် ပူးပေါင်းဆောင်ရွက်သည့် Borderless Broadcast Co.,Ltd. ရုံးခန်း ငှားရမ်းထားရှိမှုနှင့်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် Studio - A ၌ ပြုလုပ်သည့် “ချစ်စရာ့အရွယ် ကစားကြမယ်”ကလေးအစီအစဉ်တွင် ရန်ကင်းမူလတန်းကြိုကျောင်းနှင့် စံပြရင်သွေးမူလတန်းကြိုကျောင်းတို့မှ ကလေးများယှဉ်ပြိုင်မှု၊ သဃ်န်းကျွန်းမူလတန်းကြိုကျောင်းနှင့် သာကေတမူလတန်းကြိုကျောင်းတို့မှ ကလေးများယှဉ်ပြိုင်မှု ရိုက်ကူးရေးအစီအစဉ်ကို ကြည့်ရှုအားပေးပြီး ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)စီစဉ်မှုဖြင့် ကျင်းပသည့်“ကူညီကမ်းဆက် ဂီတလက်ဖြင့်”ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့်အဖွဲ့၊ တရုတ်ယဉ်ကျေးမှုစင်တာ တာဝန်ခံနှင့်အဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများမှ နာယကများနှင့် ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တေးချစ်သူပရိသတ်များ ကြည့်ရှုအားပေးကြသည်။

ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲမစတင်မီ “သဘာဝဘေးအန္တရာယ်ကိုရင်ဆိုင်ကျော်လွှား၊ မွန်မြတ်စိတ်ထား၊ တွဲလက်များနှင့် ကူညီထမ်းဆောင်” Video Clip ကို ပြသသည်။

ထို့နောက် ဥက္ကာဦးသာနှင့် IMMORTAL BAND တို့ ပေါင်းစပ်တီးခတ်ပြီး တေးသံရှင်များဖြစ်ကြသည့်ကိုင်ဇာ၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ကောင်းဆက်၊ ဇော်ပိုင်၊ ပူစူး၊ နောနော်၊ အောင်လ၊ သာဒီးလူ၊ ဝန၊ အောင်ထက်၊ ဇွဲပြည့်၊ နေမင်းအိမ်၊ Lဆိုင်းဇီ၊ ရတနာမိုင်၊ နီနီခင်ဇော်၊ ပိုပို၊ ဆိုင်းစံ၊ ယွန်းမြတ်သူနှင့် ပန်းရောင်ခြယ်တို့က ဖျော်ဖြေတင်ဆက်ကြသည်။

ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲတွင် တက်ရောက်လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့်အဖွဲ့၊ ကိုရီးယားနိုင်ငံ MKCS Co.,Ltd. တို့ အပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌတို့က တက်ရောက် လက်ခံပေးကြသည့်အပြင် Live ထုတ်လွှင့်မှုများကို ကြည့်ရှုကြသည့် မိဘပြည်သူများကလည်း KPay မှတစ်ဆင့် ပေးပို့လှူဒါန်းလျက်ရှိကြသည်။

ယင်းရန်ပုံငွေတေးဂီတဖျော်ဖြေပွဲကို MRTV NRC၊ Farmers Channel၊ MRTV Application၊ Radio MRTV၊ MRTV Telegram၊ 5 Plus ချန်နယ်၊ MRTV-4၊ တိုင်းရင်းသား ရုပ်သံလိုင်း၊ Hey Play TV ချန်နယ်တို့မှ တိုက်ရိုက်ထုတ်လွှင့်လျက်ရှိပြီး MRTV HD၊ Channel 7 HD မှလည်း နေ့ချင်း Replay ပြန်လည်ထုတ်လွှင့်မှုအပြင် Fortune HD၊ Channel K၊ YTV နှင့် မဟာ HD ရုပ်သံလိုင်းတို့မှလည်း နောက်ရက်များတွင် ဆက်လက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) ကျင်းပ၊ နှစ်နိုင်ငံ သီးခြားစီ တွေ့ဆုံဆွေးနွေး၊ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၊ လေ့လာရေးခရီးများသွားရောက်၊ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) ကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။



(၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) ကျင်းပစဉ်။

**နိုင်ငံအလိုက်ဆွေးနွေး**

အစည်းအဝေးအား သဘာပတိ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ဦးဆောင်၍ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် အာဆီယံရေတပ်ဦးစီးချုပ်များအတွက် Welcome Video Clip အား ပြသသည်။ အစီအစဉ်အရ ဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သော "ငြိမ်းချမ်းကြွယ်ဝသောဒေသဆီသို့ တက်ညီလက်ညီ လှော်ခတ်ခြင်း" Sailing Together: Harmony to Peace and Prosperity အား အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရေတပ်ဦးစီးချုပ်များ၊ ဒုတိယရေတပ်ဦးစီးချုပ်များနှင့် လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲတို့က နိုင်ငံအလိုက် ဆွေးနွေးခဲ့ကြပြီး စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ရေတပ်ဦးစီးချုပ်များက Video Tele-Conference(VTC) ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ရေတပ်ဦးစီးချုပ်များက Video Message ပေးပို့၍လည်းကောင်း ပါဝင်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် သတင်းအချက်အလက် ဖလှယ်ခြင်းအစီအစဉ်နှင့် အနာဂတ်တွင် ဆောင်ရွက်မည့် အစီအစဉ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး (၁၈)ကြိမ်မြောက်အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအား အတည်ပြုခဲ့ကြသည်။



(၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ANCM) သို့ တက်ရောက်လာကြသည့် ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ ကျင်းပစဉ်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ဆက်လက်၍ သဘာပတိ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ကြသည်။

**သီးခြားတွေ့ဆုံဆွေးနွေး**

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံရေတပ် ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံရေတပ်များအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံအဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နှစ်နိုင်ငံ ရေတပ်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလားတူ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ရေတပ်ဦးစီးချုပ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များသည်လည်း သီးခြားတွေ့ဆုံဆွေးနွေးမှုများ အပြန်အလှန်ပြုလုပ်ခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ❖



ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့် သီးခြားတွေ့ဆုံဆွေးနွေးစဉ်။



အာဆီယံရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်မှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

❖ စာမျက်နှာ ၆ မှ

ညပိုင်းတွင် (၁၈) ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ANCM) သို့ တက်ရောက်လာကြသည့် ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို နေပြည်တော်ရှိ M– Gallery Hotel ၌ ကျင်းပပြုလုပ်ရာ အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များ၊ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ ညစာစားပွဲ အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး (၁၉) ကြိမ်မြောက် အစည်းအဝေး၏ အလှည့်ကျအိမ်ရှင်နိုင်ငံဖြစ်သော မလေးရှားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အား တာဝန်လွှဲပြောင်းပေးအပ်ခဲ့ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။



အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြစဉ်။

အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ သူရဲကောင်းဗိမာန်သို့ သွားရောက်၍ အထိမ်းအမှတ် ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးသို့လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်နှင့် ရတနာဆင်ဖြူတော်သို့လည်းကောင်း၊ ကျောက်မျက်ရတနာပြတိုက်သို့ လည်းကောင်း၊ အမျိုးသားပြတိုက် (နေပြည်တော်)သို့ လည်းကောင်း၊ M–Gallery Hotel ၌ ရေတပ်စခန်းဌာနချုပ်များမှ ခင်းကျင်းပြသထားသော အမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ လည်းကောင်း၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်ချုပ်ဈေးနှင့် Junction City များသို့လည်းကောင်း လေ့လာလည်ပတ်ခဲ့ကြသည်။

**ပြန်လည်ထွက်ခွာ**

(၁၈) ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) သို့ တက်ရောက်ခဲ့ကြသော အာဆီယံ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(ရေ) မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်အသင်းအား အောင်နိုင်ရေးအလံပေးအပ်

**ပုသိမ် အောက်တိုဘာ ၁၁**

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင်များအနေဖြင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်ပြိုင်ပွဲဖြစ်သည်နှင့်အညီ အောင်မြင်မှုများ ပိုမိုရရှိရန် ကြိုးပမ်းဆောင်ရွက်ကြပါရန်နှင့် ဆုတံဆိပ်များ ပိုမိုရရှိမည်ဟုယုံကြည်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအောင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်များ၊ နည်းပြများအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် ပညာရပ်များဖြင့် အားသွန်ခွန်စိုက်တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ယှဉ်ပြိုင်သွားကြရန် အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အခြေခံပညာ (၁၀–၁၅) ကဗျာလွတ်အကအဖွဲ့၊ ဝါသနာရှင်ပထမတန်း ခေတ်ဟောင်း/ကာလပေါ် (အမျိုးသမီး)၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ဝါသနာရှင်ဒုတိယတန်း (အရေး) (အမျိုးသား)၊ ကျေးလက်ရိုးရာအကအဖွဲ့၊ ဝါသနာရှင်ပထမတန်း(စောင်း) (အမျိုးသမီး)၊ အခြေခံပညာ (၁၀–၁၅) ဒုံမင်း အမျိုးသား၊ အခြေခံပညာ(၁၅–၂၀) (အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲဝင်များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေနှင့် အောင်နိုင်ရေးအလံကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။




ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲသို့ အဆိုပြိုင်ပွဲဝင် ၂၀၊ အကပြိုင်ပွဲဝင် ၁၂၂ ဦး၊ အရေးပြိုင်ပွဲဝင် နှစ်ဦး၊ အတီးပြိုင်ပွဲဝင် ၁၂၀ စုစုပေါင်း ၂၆၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုးယွန်းကြီးအင်းအတွင်း၌ ငါးမျိုးစိတ်နှစ်မျိုးအား မှတ်တမ်းအသစ်တင်နိုင်ခဲ့

**ရန်ကုန် အောက်တိုဘာ ၁၁**

ပဲခူးခရိုင် ဝေါမြို့နယ်တွင် တည်ရှိသည့် ရေပျော်ငှက်နှင့် ဆောင်းခိုငှက်များ နေထိုင်ကျက်စားရာ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ငါးမျိုးစိတ် ၄၆ မျိုး ရှင်သန်ကျက်စားလျက်ရှိပြီး ပြီးခဲ့သည့်လအတွင်း ငွေရောင်ငါးကြင်းနှင့် ငါးတန်မျိုးစိတ်သစ်ကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ သိရသည်။

အဆိုပါ မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းရန်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ငါးပတ်မျိုးစိတ်နှင့် ငါးနုသန်းမျိုးစိတ်နှစ်မျိုးလည်း ရှင်သန်ကျက်စားလျက်ရှိပြီး သုံးလတစ်ကြိမ်မျိုးစိတ်များ မှတ်တမ်းတင်ချိန်တွင် စက်တင်ဘာလ ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ငွေရောင်ငါးကြင်းနှင့် ငါးတန်မျိုးစိတ်နှစ်မျိုးကို မျိုးစိတ်သစ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ငါးသယံဇာတရေရှည်ဖွံ့ဖြိုးမှုနှင့် ဒေသခံတို့၏ လူမှုစီးပွားကို အထောက်အကူဖြစ်စေရန် နှစ်စဉ်ငါးလုပ်ငန်းဦးစီးဌာနက မိုးယွန်းကြီးအင်းအတွင်းသို့ ငါးရံ့၊ ငါးဖားမ၊ ငါးပြေမ၊ ငါးခုံးမ စသည့်တိုင်းရင်းငါးမျိုးစိတ်များကို မျိုးစိုက်ထည့်ပေး၍ ငါးသယံဇာတ ရေရှည်တည်တံ့စေရန် ဆောင်ရွက်လျက်ရှိပြီး ဒေသမျိုးရင်းနှင့်မျိုးသုဉ်းရန် ရင်ဆိုင်နေရသည့် ငါးမျိုးစိတ်များကိုလည်း မှတ်တမ်းတင်လျက်ရှိသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် အဓိကအားဖြင့် ဆောင်းခိုငှက်များကျက်စားရာ ရမ်ဆာရေတိမ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် (Ramsar Site) ဖွဲ့စည်းထားသော ဒေသတစ်ခုဖြစ်ပြီး ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များ ရှင်သန်ကျက်စားခြင်းသည် ရေသယံဇာတကြွယ်ဝမှုနှင့် မူရင်းဒေသကောင်းမွန်မှုကြောင့် ဝင်ရောက်ကျက်စားခြင်းဖြစ်၍ ငါးမျိုးစိတ်များ ရေရှည်တည်တံ့ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရေတိမ်ဒေသဂေဟစနစ်တည်တံ့မှုကို အကျိုးပြုခြင်း၊ သုတေသနလုပ်ငန်းကို အကျိုးပြုခြင်း၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုကို အထောက်အပံ့ပြုခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism Site) ကိုလည်း အကျိုးပြုလျက်ရှိသည်။

"မူလမိုးယွန်းကြီးအင်းမှာ ငါးမျိုးစိတ် ၄၆ မျိုးရှိပါတယ်။ မကြာသေးမီက ငါးမျိုးစိတ်နှစ်မျိုးကို မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ မိုးယွန်းကြီးအင်းမှာ ကမ္ဘာပေါ်မှာ မျိုးသုဉ်းဖို့ အန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ ရှားပါးငါးမျိုးစိတ်ဖြစ်တဲ့ ငါးပတ်နဲ့ငါးနုသန်းမျိုးစိတ်နှစ်မျိုးလည်း ရှင်သန်နေပါတယ်။ မှတ်တမ်းအသစ်တွေ့ရှိတဲ့ ငွေရောင်ငါးကြင်းနဲ့ ငါးတန်နှစ်မျိုးနဲ့ဆိုရင် မိုးယွန်းကြီးအင်းမှာ ငါးမျိုးစိတ် ၄၈ မျိုးကို မှတ်တမ်းတင်နိုင်ခဲ့ပါပြီ"ဟု မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောသည်။

မှတ်တမ်းအသစ်တင်ခဲ့သည့် ငါးတန်မျိုးစိတ်သည် စစ်တောင်းမြစ်ရေပြည့်ရေလျှံဖြစ်ပေါ်ချိန်တွင် ရေချိုအင်းအတွင်းသို့ ဝင်ရောက်လာသော မျိုးစိတ်တစ်မျိုးဖြစ်ပြီး ပြည်ပပို့ကုန်ငါးမျိုးစိတ်လည်းဖြစ်သည်။ ထို့နည်းတူ ငွေရောင်ငါးကြင်းသည်လည်း ပြည်တွင်းဈေးကွက်ဝင်ရေထွက်ကုန်ဖြစ်သည်။ မိုးယွန်းကြီးအင်းသည် စတုရန်းမိုင် ၄၀ ဧက ၂၅၆၀၀ ကျယ်ဝန်းပြီး ငှက်မျိုးစိတ် ၁၈၉ မျိုးနှင့် ငါးမျိုးစိတ် ၄၆ မျိုး ရှင်သန်ကျက်စားလျက်ရှိရာ ယခုလပိုင်းအတွင်း မျိုးစိတ်နှစ်မျိုးတွေ့ရှိမှုဖြင့် ငါးမျိုးစိတ် ၄၈ မျိုးကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်းသိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊**
**ဓာတ်ပုံ – မိုးယွန်းကြီးအင်း**



မှတ်တမ်းအသစ်တင်နိုင်ခဲ့သည့် ပြည်တွင်းဈေးကွက်ဝင် ငွေရောင်ငါးကြင်းကို တွေ့ရစဉ်။




မှတ်တမ်းအသစ်တင်နိုင်ခဲ့သည့် ပြည်ပဈေးကွက်ဝင် ငါးတန်မျိုးစိတ်ကိုတွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ Green House စနစ်ဖြင့် စိုက်ပျိုးထားသည့် ဟော်လန်ဆလတ်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး(ယာပုံ) အကျိုးအမြတ်အများဆုံးရရှိသည့် သီးနှံများနှင့် ရာသီအလိုက် စိုက်ပျိုးသင့်သည့် သီးနှံများစိုက်ပျိုးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပဲခူးမြို့နယ် မယင်းကျေးရွာယာယီ ရှင်းလင်းဆောင်၌ ဆီထွက်သီးနှံနေကြာစိုက် တောင်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံစိုက်ပျိုးသူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်(နေကြာဆီထွက်သီးနှံ)စီမံကိန်းမှ ချေးငွေများဖြင့် ပံ့ပိုးပေးလျက်ရှိကြောင်း ပြောကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပဲခူးခရိုင်အတွင်းရှိ နေကြာစိုက် သမဝါယမအသင်း ၁၀ သင်း၊ အသင်းသားတောင်သူ ၉၀ တို့၏ စိုက်ပျိုးမြေဧက ၃၂၀ အတွက် ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့များ၊ သွင်းအားစုဓာတ်မြေသြဇာများ၊ ရုရှားသဘာဝရွက်ဖျန်းဆေးရည်များကို တောင်သူများထံသို့ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလိ-တပ်ကလေးမြောက်စု ဆက်သွယ်သောလမ်းအား ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် တပ်ကလေးမြောက်စုကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ တပ်ကလေးမြောက်စုကျေးရွာ၌ ရေကြီးနစ်မြုပ်ခဲ့သည့် စက်ရေတွင်းများအား တွင်းဆေးတွင်းမှုတ် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မြစ်ကြီးနား အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။

ထိုသို့ အမှာစကားပြောကြားရာတွင် ပြည်နယ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ကော်မတီအဖွဲ့ဝင်များအနေဖြင့် ပြည်နယ်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများအပေါ် နိုင်ငံတော်နှင့် ပြည်နယ်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်စေရေး ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အသေးစိတ်စိစစ်ဆွေးနွေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ကော်မတီအတွင်းရေးမှူး ပြည်နယ်မြေစာရင်းဦးစီးမှူး ဦးသန်းမြင့်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခွင့် လျှောက်ထားလာမှုအပေါ် ပြည်နယ်ကော်မတီက ဆွေးနွေး ဆောင်ရွက်သွားရမည့် လုပ်ငန်းစာတွဲများနှင့် ဗဟိုကော်မတီသို့စိစစ်ထောက်ခံတင်ပြပေးရမည့် လုပ်ငန်းစာတွဲများ၊ အခြားဆုံးဖြတ်ပေးရမည့်လုပ်ငန်းစာတွဲများကို စာတွဲတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းစာတွဲ တစ်ခုချင်းအလိုက် သက်ဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စိစစ်တိုက်ဆိုင်ဆွေးနွေး ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တိုင်းဒေသကြီး၊ ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများနှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဦးစွာ တိုက်ကြီးမြို့နယ်အတွင်းရှိ ဥတို၊ ရေတွင်းကြီး၊ ဘွတ်ကုန်း၊ ရင်းတိုက်ကွင်း၊ ဂျိုးဖြူကျေးရွာများမှ တောင်သူ ၄၀ ကို တွေ့ဆုံ၍ ဒုတိယဝန်ကြီးက မျိုးရွေးချယ်ခြင်းလုပ်ငန်းတွင် တောင်သူကြီးများမပါ၍မဖြစ်ကြောင်း၊ အထွက်ကောင်းရုံမက ဈေးကောင်းရရှိရန်၊ အရည်အသွေးကောင်းရန် လိုအပ်ကြောင်းနှင့် ဈေးကွက်ရှိမျိုးများ ထွက်ပေါ်လာစေရေး ပညာရှင်နှင့်တောင်သူ နီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန (လက်ပံတန်း) သို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီး၏ အထူးအားကိုးရသည့် သုတေသနဗဟိုဌာနကြီးတစ်ခု ဖြစ်လာစေရေးအတွက် သုတေသနပိုင်း ပိုမိုအားကောင်းစေရေး ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် တောင်သူများပါဝင်သော စပါးမျိုးရွေးချယ်ရန် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးထားသည့် မနောသုခ၊ ဆင်းသုခ၊ မော်ဘီ-၃၊ ရတနာတိုး၊ ပြည့်ဝမွှေး၊ ဗီယက်နမ်၊ ထိုင်းနံ့ကောက်၊ Komypa(ကိုမိုင်ပါး) YKQR-01၊ YSR-1၊ YAR-14၊ ရက်-၉၀ မျိုးများ ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ နတ်တလင်းမြို့နယ်ကျခတ်ဝါးရုံကျေးရွာတွင် စိုက်ပျိုးထားသော YSR-1 မိုးစပါးမျိုးသန့်ပွား ဧက ၃၀ စိုက်ခင်းကိုလည်းကောင်း၊ ရွှေတောင်မြို့နယ်ရှိ တောင်သူများပါဝင်သော စပါးမျိုးရွေးချယ်ခြင်းလုပ်ငန်းစဉ်ဖြစ်သည့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးပြသထားသည့် စပါး ၁၀ မျိုး ဖြစ်ထွန်းအောင်မြင်နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ပညာရှင်များက ရာသီဥတုနှင့် လိုက်လျောညီထွေရှိမည့် သီးနှံမျိုးသစ်များ၊ စိုက်ပျိုးနည်းစနစ်များ၊ သီးနှံ ကာကွယ်ရေးနည်းစနစ်များဖြစ်သည့် ပိုးမွှား၊ ရောဂါကာကွယ်နည်းစနစ်များ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို တောင်သူများအား နည်းပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ နွေစပါး ဧက ၁၇၀၀ ကျော် လျာထားစိုက်ပျိုးမည်

**မင်းဘူး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မိုးစပါးဧက ၁၇၃၂ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ဆိုလာလျှပ်စစ် ရေတင်စနစ်၊ ဆည်ရေသောက်စနစ်၊ မြေအောက်ရေစုပ်တင်သည့် စနစ်များဖြင့် နည်းမျိုးစုံ စိုက်ပျိုးကြမည်ဖြစ်ပြီး မဲဇလီဆည်မှ ၉၅၇ ဧက၊ လျှပ်စစ်ရေတင်စီမံကိန်းတွင် ကမ်းနီဆိုလာလျှပ်စစ်ရေတင် စီမံကိန်းမှ ဧက ၁၀၀၊ ကျောက်စံလျှပ်စစ်ရေတင်စီမံကိန်းမှ ဧက ၁၀၀၊ မြေအောက်ရေစုပ်တင်ခြင်းစနစ်မှ ၅၇၅ ဧက စုစုပေါင်း ၁၇၃၂ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူက ပြောသည်။

တောင်သူလယ်သမားများအနေဖြင့် နွေစပါးစိုက်ပျိုးလျှင် အထွက်နှုန်းကောင်းစေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးသုံးစွဲခြင်း၊ သီးနှံဖျက်ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ မျိုးကွဲပေါင်းများနုတ်ပယ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးသည့်စနစ်ကောင်းမွန်မှန်ကန်အောင် ဆောင်ရွက်ခြင်းစသော အချက်များကို လိုက်နာဆောင်ရွက်ပါလျှင် နွေစပါးတစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိလာမည်ဖြစ်ပြီး ပိုးမွှားရောဂါကာကွယ်တားဆီးရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် တွေ့ဆုံရှင်းလင်းခြင်း၊ နည်းပညာပေးသင်တန်းများ ပို့ချသင်ကြားပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက္ကူစက်ရုံ(ရေနီ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ (ရေနီ) သို့ ရောက်ရှိပြီး ကောက်ရိုးမှ တစ်ပိုင်တစ်နိုင် ပျော့ဖတ်များ ထုတ်လုပ်နိုင်ရေးအတွက် ခ၀တ်ခွဲခန်း သုံး ပျော့ဖတ်ချက်အိုးငယ်ဖြင့် ကောက်ရိုးပျော့ဖတ်များ စမ်းသပ်ချက်လုပ်နေမှု၊ အသေးစားစက္ကူစက်ငယ်ဖြင့် စက္ကူထုတ်လုပ်နေမှု၊ ကောက်ရိုးမှ ပျော့ဖတ်များ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းများအောင်မြင်ပါက တောင်သူများနှင့် MSME လုပ်ငန်းရှင်များသို့ နည်းပညာလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကောက်ရိုးမှ ပျော့ဖတ်များထုတ်လုပ်မည့် စက်ပစ္စည်းများ၏ ဒီဇိုင်းပုံစံများကို ကြိုတင်ရေးဆွဲထားရန်၊ စက္ကူစက်ရုံ (ရေနီ) ၌ ရှိပြီးဖြစ်သည့် စက္ကူထုတ်လုပ်ခြင်းနည်းပညာများ တိမ်ကောပျောက်ပျက်မှု မရှိစေရေး ဆင့်ပွားသင်တန်းများပြုလုပ်ရန်၊ ဝန်ထမ်းများအနေဖြင့် တတ်ကျွမ်းထားသည့် နည်းပညာများဖြင့် တောင်သူများနှင့် MSME လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။ ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများ ဝင်ငွေတိုးတက်စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးတို့အတွက် ကောက်ရိုးမှ ပျော့ဖတ်ထုတ်လုပ်သည့် စမ်းသပ်လုပ်ငန်းများကို အောင်မြင်စွာဖြင့် အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် တစ်နေ့လျှင် တန် ၂၀ ထုတ်လုပ်နိုင်သည့် ထုပ်ပိုးစက္ကူများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ တစ်နေ့လျှင် တန် ၈၀ ထုပ်ပိုးစက္ကူများ ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှု၊ တစ်နေ့လျှင် တန် ၂၄၀၀ ပျော့ဖတ်များ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေသည့်အခြေအနေ၊ ကုန်ကြမ်းနှင့် ကုန်ချောများကို သယ်ယူပို့ဆောင်နိုင်ရေးအတွက် မီးရထားလမ်း ဖောက်လုပ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၈၆) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁၁**

(၈၆) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ကော်မတီ National COSTI Chair၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ ဆွေးနွေးဖက် Dialogue Partners နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ကော်မတီ အောက်ရှိ ဆပ်ကော်မတီများ အစည်းအဝေး၏ ရလဒ်များနှင့် ဆုံးဖြတ်ချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ ကူးစက်ရောဂါများ၊ ရာသီဥတု ပြောင်းလဲခြင်းနှင့် အပူလွန်ကဲခြင်း Energy security၊ Food security၊ Inclusive and sustainable industrialization၊ Mobility၊ Water management စသည့် နယ်ပယ်များအလိုက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင် ဆန်းသစ်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၂၆–၂၀၃၅ (APASTI–2026–2035) ဖော်ဆောင်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွဆောင်ရွက်ရန် ဦးစားပေးအစီအစဉ်များ၊ အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ အတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များပြေးဆွဲမည်

**နေပြည်တော် အောက်တိုဘာ ၁၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်–ပြည်–ရန်ကုန် နှင့် ရန်ကုန် – မော်လမြိုင် – ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်–

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁၅.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၂ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၃ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၄ | ၂၀.၁၀.၂၀၂၄ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၆ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ ရန်ကုန်–မန္တလေး–ရန်ကုန် ခရီးစဉ်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့်ရထားများတွင် ဝန်ချိန်ပြည့် တွဲဆိုင်းများ တိုးချဲ့ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများအား အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ရထားလက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲပေးသည့် ရထားများအတိုင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor C11 နှင့် MG MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်

ကြည်စိုးထွန်း

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့ရောက်လျှင် မြန်မာ့ရုပ်ရှင်သက် ၁၀၄ နှစ် တင်းတင်း ပြည့်လေပြီ။

တကယ်တော့ ရုပ်ရှင်ဆိုသည့်အရာ ကမ္ဘာပေါ်တွင် မွေးဖွားလာခဲ့ပြီး နှစ်အစိတ်ကြာသောအခါမှ မြန်မာဖြစ်ရုပ်ရှင်ဟူ၍ ပေါ်ပေါက်လာခြင်းအတွက် လန်ဒန်အတ်ဦးအုန်းမောင်၊ ဓာတ်ပုံဆရာကြီး ဦးမောင်မောင်နှင့် မြန်မာ့ပထမဆုံးမင်းသား ဦးညီပုတို့ကို အကြိမ်ကြိမ်အလီလီ ကျေးဇူးအထူးတင်စရာ ကောင်းလှပေသည်။




ကျွန်ုပ်တို့မြန်မာများ ရုပ်ရှင်စက်၊ ဖလင်စ၊ မှန်ဘီလူး မလုပ်တတ်သည့်တိုင် သူများနိုင်ငံက ပစ္စည်းများနှင့် ၁၉၂၀ ပြည့်နှစ်တွင် ရုပ်ရှင်ကို စ၍ လုပ်တတ်ခဲ့ပြီ ဖြစ်ပါသည်။

သူများနိုင်ငံက ပစ္စည်းများဆိုသည် က အလကားရသည်မဟုတ်။ မည်သူကမျှ သူတို့အကျိုးအမြတ်မရှိလျှင် အရင်းအနှီး ထုတ်ပေးမည်မဟုတ်ကြ။ ဒီတော့ မြန်မာရုပ်ရှင်ဆိုသည်မှာ မြန်မာဒါရိုက်တာ၊ မြန်မာစာရေးဆရာ၊ မြန်မာသရုပ်ဆောင်များနှင့် မြန်မာစက်အဖွဲ့သားများက မြန်မာ့မြေပေါ်မှာ (ကင်မရာ၊ ဖလင်၊ မှန်ဘီလူး၊ မီးလုံးအစရှိသည်များနှင့်) မြန်မာဇာတ်လမ်းကို ရိုက်ကူးတတ်လာခြင်းပင်ဖြစ်ပါသည်။ မှန်ဘီလူးပါမလာသော ဖလင်ပေ ၅၀ ဆန့် ဘေဘီအင်ဇိုင်း (Baby Ensign) ကင်မရာ အစုတ်ကလေးမှသည် မှန်ဘီလူး၊ ဖလင်အရှာဖွေတတ်လာပြီး ရန်ကုန်ရောက် ကမ္ဘာလှည့်ရုပ်ရှင်အဖွဲ့မှ တစ်ပတ်ရစ် နယူးမင်းဆင်ကလဲရာ (Newmansinclair) နှင့် မွိုင်(Moy) ရုပ်ရှင်ကင်မရာနှစ်လုံး ဝယ်ရခဲ့သည်အထိ ကြိုးစားအားထုတ်ခဲ့ကြသည်။

**မြန်မာ့မြင်ကွင်းအမျိုးမျိုး**

သူတို့ အကျိုးအမြတ်အတွက် နိုင်ငံခြားသားများက မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုများကို ရိုက်ကူးပေးရန်ကမ်းလှမ်းလာခြင်းကြောင့် ၁၉၂၀ ပြည့်နှစ်တစ်ဝိုက်တွင် ဦးအုန်းမောင်နှင့် ဦးမောင်မောင်တို့က မြန်မာ့မြင်ကွင်းအမျိုးမျိုးကို ဖလင်ပေါ်တင်ပြီး ဒေါ်လာငွေ ရှာခဲ့ကြကြောင်း မှတ်တမ်းများက ပြဆိုခဲ့သည်။

လန်ဒန်အတ် ဦးအုန်းမောင်ရော ဓာတ်ပုံဆရာဦးမောင်မောင်ပါ ရုပ်ရှင်ဖြင့် ရှာဖွေရရှိလာသော ဒေါ်လာငွေများကို သူတို့အိတ်ကပ်ထဲ ထည့်သိမ်းထားကြသူများမဟုတ်ကြ၊ မီးကျိုးမောင်းပျက် ကင်မရာကို အဆင့်မြှင့်ခဲ့ကြသကဲ့သို့ သစ်သားဇလားခွက်ကြီးများ၊ ရစ်ဘီးလုံးကြီးများနှင့် ဖလင်ကူးဆေးရသော အခြေအနေမှ ဖလင်ကူးစက်များဝယ်ယူနိုင်သည်အထိ မြန်မာ့ရုပ်ရှင်ကို လှေကားအဆင့်ဆင့်မြင့်တက်အောင် စွမ်းဆောင်နိုင်ခဲ့သူများ ဖြစ်ကြလေသည်။

ထိုစဉ်အခါ မြန်မာတို့က ကျွန်ဘဝ၊ သခင်များဖြစ်ကြသည့် ဗြိတိသျှအစိုးရ လန်ဒန်ဗြိတိသျှအင်ပါယာ ပြပွဲအတွက် မြန်မာ့ဆန်၊ မြန်မာ့ကျွန်းသစ်၊ မြန်မာ့ရေနံ၊ သတ္တု၊ ပဲ၊ ပြောင်း၊ ဝါထွက်ကုန်များနှင့် ယွန်းထည်၊ ထီး၊ ကြိမ်ပစ္စည်း စသည့် အိမ်တွင်းလက်မှုလုပ်ငန်းများကို မှတ်တမ်းတင်ရိုက်ကူးပေးရန် အကူအညီတောင်းခဲ့သည်။ သူတို့အင်ပါယာထဲက ကျွန်ဗမာများ၏ ကြွယ်ဝမှုနှင့် အရည်အသွေးကို ကမ္ဘာသို့ ပြသရန်ပင်။

ရုပ်ရှင်သမား လန်ဒန်အတ် ဦးအုန်းမောင်နှင့် ဓာတ်ပုံဆရာ ဦးမောင်မောင်တို့ မြန်မာပြည်အနှံ့ခြေဆန့်ကာ ကင်မရာနှင့် မှတ်တမ်းတင်ခဲ့ကြသည့် အတွက် နောက်ထပ် ဖလင်ပေလေးရာဆန့် ဝီလျံဆန် (Williamsons) ကင်မရာတစ်လုံးနှင့် ရုပ်ရှင်ကားကူးစက် (Film Printing Machine) တစ်လုံး ဝယ်ယူနိုင်ခဲ့ကြသည်။ ရှေ့တွင်တင်ပြခဲ့သလို ရသမျှပိုက်ဆံ အိတ်ကပ်ထဲချည်းမထည့်ခဲ့ကြသော ဆရာ့ဆရာကြီးများ၏ကျေးဇူးကား ကြီးမားလှပါဘိ။ သူတို့သာ တစ်နပ်စားကြံစည်ခဲ့ပါမူ မြန်မာ့ရုပ်ရှင် ယခုလောက်အထိ အသက်ရှည်စရာ အကြောင်းမရှိ။ ပရိသတ်အတွက် အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငါတို့ပိုက်ဆံရလျှင် ပြီးရော သဘောထားနေကြသည့် ရုပ်ရှင်ထုတ်လုပ်ရေးသမားများ ရှေးရုပ်ရှင်ဆရာကြီးများကို အလွန်အားနာစရာ ကောင်းလှပါသည်။

ထို့အပြင် **"မေတ္တာနှင့်သူရာ"** ရုပ်ရှင်ကားသည် အမျိုးသားအကျိုးစီးပွားအတွက်၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားရှောင်ကြဉ်ရေးအတွက် ကောင်းလှသော ရည်ရွယ်ချက်ရှိပါသည်ဟု မှတ်ချက်ပေးကာ တာဝန်သိသူ လန်ဒန်အတ် ဦးအုန်းမောင်ကို တာဝန်ရှိသူ ဆာဂျေအေမောင်ကြီးက ရွှေတံဆိပ်ချီးမြှင့်ခဲ့ခြင်းမျိုးကိုလည်း သိရှိခဲ့ရဖူးပါသည်။ ယနေ့ ရုပ်ရှင်ထုတ်လုပ်သူများ၏ ရုပ်ရှင်ဇာတ်ကားရည်ရွယ်ချက်များကို ပြန်လည်ဆန်းစစ်သင့်ကြလှပေပြီ။

ရှေးက ရုပ်ရှင်ပညာသည်များခမျာ ယခုခေတ်အခါလို ပစ္စည်းပစ္စယပြည့်စုံကြရသည်မဟုတ်။ သူတစ်ပါးသုံးပြီးသား ပစ္စည်းလေးများကို ပြင်ဆင်ပြီး "မြန်မာ့ရုပ်ရှင်"ဆိုတာကြီး ပေါ်ပေါက်လာအောင် ကြိုးစားခဲ့ကြရခြင်းဖြစ်ရုံသာမက ကြိုးစား၍ရသမျှ ပိုက်ဆံလေးကိုလည်း ရုပ်ရှင်လုပ်ငန်းအတွက်သာ သုံးစွဲခဲ့ကြသည်။ လန်ဒန်အတ်ဦးအုန်းမောင်ဆိုလျှင် ရတနာပုံရုပ်ရှင်ကား ဝင်ငွေကောင်းသမျှ မြန်မာ့ရုပ်ရှင်သမားများ နေရောင်ကိုအားကိုးပြီး ရုပ်ရှင်ရိုက်ကြရသည့် အခြေအနေမှတစ်ဆင့် အတွင်းခန်းများတွင် နေ့မီး၊ ညမီးနှင့် ရုပ်ရှင်ရိုက်၍ရအောင် အနောက်နိုင်ငံများမှ ဓာတ်အားပေးစက် (Generator)နှင့် ရုပ်ရှင်ရိုက်မီးလုံးကြီးများ ဝယ်ယူသုံးစွဲခဲ့သည်ကိုလည်း မေ့စရာမကောင်း၊ မြန်မာ့ရုပ်ရှင်လောကတွင် လျှပ်စစ်ဓာတ်အားနှင့် မီးလုံးများကို အသုံးပြုရိုက်ကူးခဲ့သော လန်ဒန်အတ်ဦးအုန်းမောင် ထုတ်လုပ်သည့် **"မေဓာဝီ"**ရုပ်ရှင်ကားက သက်သေပြလျက်ရှိခဲ့သည်။ ဒီမျှမကသေး . . .။

မြန်မာ့ရုပ်ရှင် တိုးတက်မြင့်မားရေးအတွက် သက်မဲ့စက်ပစ္စည်းများသာမဟုတ် နိုင်ငံခြားမှ ထွားကျိုင်းသော မြင်းကြီးများကိုပါ တင်သွင်း၍ ရုပ်ရှင်ထဲတွင် ထည့်သွင်းရိုက်ကူးခဲ့သည်ကိုလည်း **"ဗိုလ်ဝ"**ရုပ်ရှင်ဇာတ်ကားမှ မင်းသားမောင်ဘတင့် စီးထားသော မြင်းကြီးကသက်သေခံလျက်ရှိသည်ကို တွေ့နိုင်ပေသည်။ ထို့အတူ မြန်မာအဆွေအေဝမ်းဖလင်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ပြသသော ဆပ်ကပ်အဖွဲ့ကြီးမှ မြင်းကြီးများကို အားကျမခံဝယ်ယူ၍ ရုပ်ရှင်ထဲတွင် ထွားကျိုင်းသော မြင်းကြီးများဖြင့် ခံ့ခံ့ညားညားရိုက်ကူးခဲ့ကြကြောင်း မှတ်သားဖူးရပြန်သည်။

လန်ဒန်အတ်ဦးအုန်းမောင်၊ ဓာတ်ပုံဆရာဦးမောင်မောင်နှင့် ပထမဆုံး မြန်မာရုပ်ရှင်မင်းသား ဦးညီပုတို့ အစပြုခဲ့သော မြန်မာ့ရုပ်ရှင်သည် တစ်စတစ်စကြီးထွားလာသည်နှင့်အမျှ ထိုစဉ်က **ဗြိတိသျှဘားမားဦးညွန့်၊ ပဲရော့ရုပ်ရှင်ဦးဆန်နီ** ကဲ့သို့သော ထုတ်လုပ်သူများသည် အမျိုးသားရေး၊ လွတ်လပ်ရေး၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ထုံးတမ်းစဉ်လာတို့ကို ဖော်ကျူးသည့် ရုပ်ရှင်ကားများကိုသာ အများဆုံးရိုက်ကူးခဲ့ကြကြောင်း တွေ့ရှိရသည်။ လူမျိုးခြားတို့၏ လက်ဝါးကြီးအုပ် ခြယ်လှယ်မှုများကိုလည်း ခွန်အားရှိသလောက် တွန်းလှန်ခဲ့ကြပုံကိုလည်း လူမျိုးခြားရုပ်ရှင်ရုံပိုင်များ၏ လောဘရမ္မက်ကိုဆန့်ကျင်ပြီး ရုပ်ရှင်ကားများပြသခဲ့ပုံ၊ ဗြိတိသျှဘားမားကုမ္ပဏီက ကိုယ်ပိုင်သွင်းရုပ်ရှင်ရုံကို တည်ထောင်ပုံများဖြင့် သိနိုင်ပေသည်။

ရုပ်ရှင်ပညာကို တစ်စတစ်စ နားလည်ကျွမ်းကျင်လာသော မြန်မာရုပ်ရှင်ပညာသည်ကြီးများသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ တိုးဝှေ့အားစမ်းရန် ကြံစည်လာကြသည်။ တစ်နည်းအားဖြင့် မြန်မာ့ရုပ်ရှင်ကို ကမ္ဘာကြည့်ကြည့်မြင်လာသည်ဟု ဆိုနိုင်ပေသည်။ မြန်မာ့ရုပ်ရှင်ဖြင့် ကမ္ဘာ့ရုပ်ရှင်ကို ယှဉ်ပြိုင်အံ့။

ယှဉ်ပြိုင်နိုင်သည်၊ မယှဉ်ပြိုင်နိုင်သည်အပထား တကယ်ကြိုးစားခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ မြန်မာနှင့် ကမ္ဘာ့ရုပ်ရှင်ကူးလူးဆက်ဆံခဲ့ပုံ၊ မြန်မာရုပ်ရှင်ကားများ ထိုးဖောက်ရန်ကြိုးစားပုံ၊ ကမ္ဘာ့နိုင်ငံများသို့သွားရောက်ပြီး အကဲခတ်ခဲ့ကြပုံ၊ ရိုက်ကူးခဲ့ကြပုံများကို တွေ့ရသည်။

ပထမဆုံး နိုင်ငံခြားသို့ပို့ဖြစ်သော ရုပ်ရှင်ကားမှာ ဦးညီပုတို့ မိသားစုပိုင် မြန်မာအဆွေကုမ္ပဏီမှ **"ဆုထူးပန်"** ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ ကမ္ဘာကျော် Camille ဝတ္ထုကြီးကို ဦးညီပုက မြန်မာမှုပြုကာ **မင်းသမီးခင်ခင်နု**နှင့်တွဲဖက်၍ သရုပ်ဆောင်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။

**ကမ္ဘာ့ရုပ်ရှင်တံခါးကို စတင်ခေါက်ခဲ့သည့် ပထမဆုံးရုပ်ရှင်ကား**

၁၉၂၉ ခုနှစ်တွင် လန်ဒန်မြို့ရှိ ရုပ်ရှင်ကိုယ်စားလှယ် ဂျော့ဖရီမာလင်(Geoffrey Marlin) ထံပေးပို့ပြီး ဝင်ငွေကော်မရှင်နှုန်းဖြင့် အင်္ဂလိပ်စာတန်းထိုး ပြသခဲ့ခြင်းဖြစ်သည်။ စပိန်နိုင်ငံမှ ရုပ်ရှင်ပညာရှင် အက်ဒဝင်ဘရူနူရယ် (Edwin Brunuel) က ပြန်လည်တည်းဖြတ်ကာ **"နှောင်ကြိုးကို တိုး၍ကြင်သူ" (Lady Prefer Bond)** ဟူသော အမည်ဖြင့်ပြောင်းလဲပြသခဲ့သည်။ ဤရုပ်ရှင်ဇာတ်ကားသည် မြန်မာလူမျိုးတို့က ကမ္ဘာ့ရုပ်ရှင်တံခါးကို စတင်ခေါက်ခဲ့သည့် ပထမဆုံးရုပ်ရှင်ကားအဖြစ် မှတ်တမ်းတင်ဂုဏ်ယူ သမိုင်းတင်ရမည် ဖြစ်လေသည်။

မြန်မာနိုင်ငံမှ နိုင်ငံရပ်ခြားသို့ ပထမဆုံးသွားရောက်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကုမ္ပဏီမှာ ဗြိတိသျှဘားမားဖြစ်ပြီး ရုပ်ရှင်ကားအမည်မှာ **"မြတ်စွယ်တော်"** ဖြစ်သည်။ **မောင်မောင်အေးနှင့် ခင်ခင်ကြည်**တို့ ပါဝင်သရုပ်ဆောင်သော်လည်း ယခုသီရိလင်္ကာနိုင်ငံဟု ခေါ်ဆိုသော သီဟိုဠ်ကျွန်းသို့ လိုက်ပါသွားရောက်သရုပ်ဆောင်ခြင်းမျိုးမဟုတ်ခဲ့။ **ဒါရိုက်တာဦးမောင်ကြီး**နှင့် **ဓာတ်ပုံဆရာ အဝိန်**တို့ နှစ်ဦးတည်းသွားရောက်ပြီး မြတ်စွာဘုရား၏ စွယ်တော်အစစ်တည်ရာ ကန္ဒီမြို့စွယ်တော်တိုက် ဖွင့်လှစ်ပြသချိန်တွင် မြတ်စွယ်တော်ကို အနီးကပ်ရိုက်ကူးခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် စွယ်တော်လှည့်ပွဲ အခမ်းအနားနှင့် စေတီပုထိုးများကို ရိုက်ကူးခဲ့ပြီး

စာမျက်နှာ ၁၁ သို့ ❐

- ဗြိတိသျှဘားမား၏ ပထမဆုံးအသံထွက်ကားပိုင်းရှည်မှာ "လောကနိဗ္ဗာန်" ဖြစ်ပြီး ၁၉၃၃ ခုနှစ်တွင် ရုံတင်နိုင်ခဲ့သည်။ အေဝမ်း၏ ပထမဆုံးအသံထွက် ရုပ်ရှင်ကားပိုင်းရှည်မှာ "အောင်သပြေ" ဖြစ်ပြီး ၁၉၃၇ ခုနှစ်တွင် ပြသနိုင်ခဲ့
- အသံထွက်ရုပ်ရှင်ကားများ ဖြစ်ပေါ်လာအောင် မြန်မာရုပ်ရှင်ပညာသည်ကြီးများသည် ဂျပန်၊ အိန္ဒိယနိုင်ငံတို့နှင့် ဆက်သွယ်လုပ်ကိုင်ရခြင်း၊ နိုင်ငံခြားပညာရှင်များကိုခေါ်ယူကာ ပူးပေါင်းဆောင်ရွက်ရခြင်း၊ အသံလုံစတူဒီယိုများ ဆောက်လုပ်ကြရခြင်း၊ အသံထွက်ပစ္စည်းများမှာယူရခြင်း အစရှိသည့် အခက်အခဲများကို ကျော်လွှားခဲ့ကြ

# မွန်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မော်လမြိုင် အောက်တိုဘာ ၁၁**

မွန်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၄) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ပေးသကဲ့သို့ မွန်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအနေဖြင့် မွန်ပြည်နယ်အတွင်း မိမိတို့ဒေသသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသတွင်း ငွေကြေးလည်ပတ်မှု ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သဖြင့် ဒေသသာယာလှပရေး၊ တည်းခိုသည့်နေရာ၊ ဒေသထွက် အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး အတွက် အတူတကွဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ လိုင်စင်သက်တမ်းတိုး အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# မျိုးစေ့ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနနှင့် TBL ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ သမဝါယမအသင်းနှင့် အသင်းသားတောင်သူများ၏ လယ်ယာမြေများတွင် အထွက်တိုးသီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး၊ မျိုးစေ့ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သီးနှံအမျိုးအစားအလိုက် အထွက်တိုးမျိုးများကို ပြည်တွင်းမှာပင် ကိုယ်တိုင်ထုတ်လုပ်အသုံးပြုခြင်းဖြင့် အခြားနိုင်ငံများမှ နိုင်ငံခြားငွေဖြင့် ဝယ်ယူ၍ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နေကြာ၊ နှမ်း၊ ဝါ၊ မတ်ပဲ၊ ပဲတီစိမ်း အထွက်တိုးမျိုး မျိုးစေ့များကို ထုတ်လုပ်နိုင်ရေးအတွက် မျိုးစေ့ထုတ် သမဝါယမအသင်းများ ဖွဲ့စည်း၍ မျိုးစေ့ထုတ်လုပ်ငန်းတွင် လိုအပ်သည့် ငွေကြေး၊ အရင်းအနှီး၊ လုပ်အားတို့ကို အတူတကွပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သမဝါယမအသင်းအနေဖြင့် သီးနှံပေါ်ပေးစနစ်ဖြင့် လိုအပ်သည့် သွင်းအားစုများကို ပံ့ပိုးထောက်ပံ့နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ TBL ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ Mr. Murarka က ဆွေးနွေးပြောကြားပြီး ပျော်ဘွယ်မြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ရှိ တောင်သူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်း




**ရန်ကုန် အောက်တိုဘာ ၁၁**

၂၀၂၅ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ကျင်းပမည့် သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း၏ သတ္တမအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်ဝန်ထမ်းဟောင်းများ ကန်တော့ပွဲအတွက် ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ) က အလှူငွေကျပ် ၁၀ သိန်းနှင့် ကျပ် ၅၅၀၀၀၀ တန်ဖိုးရှိ ကမ္ဘောဒီးယားနိုင်ငံ (အန်ကောခေတ်ယဉ်ကျေးမှု) စာအုပ်များကို ယနေ့ညနေပိုင်းက အသင်းရုံးခန်းသို့ လာရောက်ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်)နှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်းသိရသည်။

**အေးသန်း(စိန်တုံးကြီး)**

❒ စာမျက်နှာ ၁၀ မှ

မြတ်စွယ်တော်ဇာတ်ကား၌ သင့်လျော်သလို ထည့်သွင်းပြသခဲ့ခြင်းဖြစ်လေသည်။ မည်သို့ပင်ဆိုစေ ပထမဆုံး နိုင်ငံခြားသို့ထွက်၍ ရိုက်ကူးခဲ့သော ရုပ်ရှင်ကားအနေဖြင့် မြတ်စွယ်တော် ရုပ်ရှင်ကားကို မှတ်တမ်းတင်ရမည် ဖြစ်လေတော့သည်။

ထို့နောက် မြန်မာ့ရုပ်ရှင်သည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ နည်းမျိုးစုံဖြင့် ထိုးဖောက်ရန် ကြိုးစားလာခဲ့သည်ကို တွေ့ရသည်။ ခေတ်ပြိုင်ကုမ္ပဏီကြီးနှစ်ခုဖြစ်သော မြန်မာအဆွေ၊ အေဝမ်းနှင့် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီတို့က နိုင်ငံတကာနှင့်ဆက်သွယ်ကာ မြန်မာရုပ်ရှင်ကားများကို ပေးပို့ပြသခဲ့ကြပြီး အချို့ရုပ်ရှင်ကားများကို အပြီးအပိုင် ရောင်းချသည်ကိုလည်း တွေ့ရသည်။

၁၉၃၄ ခုနှစ်က အေဝမ်းရုပ်ရှင်ကုမ္ပဏီက ထိုင်းနိုင်ငံသို့ ဝင်ငွေအပေါ်ရာခိုင်နှုန်းဖြင့် ခွဲဝေယူသောစနစ်ဖြင့် ပေးပို့ပြသခဲ့သည့် ရုပ်ရှင်ကားများမှာ **"ဖူး"** နှင့် **"မြဂနိုင်"**တို့ဖြစ်ကြသည်။

၁၉၃၇ ခုနှစ်တွင် ထပ်မံ၍ **"ဝေဘာဂီ"** ရုပ်ရှင်ကားနှင့် **"ဂျပန့်ရင်သွေး"** ရုပ်ရှင်ဇာတ်ကားတို့ကိုလည်း ပေးပို့ပြသခဲ့လေသည်။

ထိုရုပ်ရှင်ကားများထဲတွင် စာရင်းမပါသော **"မြဒါလီ"** ဆိုသည့် မြန်မာ့ထီးဟန် နန်းဟန် ရုပ်ရှင်ကားကို ထိုင်းဘုရင်က အလွန်ကြိုက်နှစ်သက်၍ ဝယ်ယူသည်ဟူ၍လည်း မှတ်တမ်းတစ်ခုတွင် တွေ့ရှိရပြန်သည်။

နောက်တစ်နှစ် ၁၉၃၈ ခုနှစ်တွင် အေဝမ်းမှ **"မြိုင်ယံဘွား"**၊ ဗြိတိသျှဘားမားမှ **"သူရိယကုမ္မာ"** နှင့် **"မဟေသီ"** ရုပ်ရှင် အားလုံးရုပ်ရှင်သုံးကား ထိုင်းနိုင်ငံသို့ တင်ပို့ပြသရုံသာမက **"မြိုင်ယံဘွား"**ကို အိန္ဒိယနိုင်ငံ မဒရပ်မြို့သို့ တင်ပို့ပြသခဲ့သည်ကို တွေ့ရသည်။

ဗြိတိသျှဘားမားသည် ထိုင်းနိုင်ငံသို့သာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆိုဗီယက်ရုရှားနိုင်ငံသို့ပါ စီးပွားရေးနယ်ချဲ့ပြီး မြန်မာရုပ်ရှင်ကားများကို ရောင်းချခြင်း၊ ပွဲတော်များတွင် ပြသခြင်းများ ပြုလုပ်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် **"သူချစ်"** နှင့် **"ဘဝ"** ရုပ်ရှင်ဇာတ်ကားများကို တရုတ်ပြည်သို့ ပေါင်စတာလင် ၂၅၀၀/၂၀၀၀ စသည်ဖြင့် ရောင်းချခဲ့ပြီး **"ချစ်ပန်းသဇင်"** ရုပ်ရှင်ဇာတ်ကားကို ဆိုဗီယက်ရုရှားသို့ ပေါင်စတာလင် ၂၀၀၀ ဖြင့် ရောင်းချခဲ့ရကြောင်း သိရှိရလေသည်။

၁၉၅၇ ခုနှစ်တွင် **"သူချစ်"** ရုပ်ရှင်ဇာတ်ကားကို တရုတ်စကားပြောအသံသွင်းကာ တရုတ်ရုပ်ရှင်ပွဲတော်တွင် ပြသခဲ့ပြန်လေသည်။

မန္တလေးရုပ်ရှင်၏ပွဲဦးထွက် **"ဘဝသံသရာ"** ရုပ်ရှင်ကားကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပေါင်စတာလင် ၃၀၀၀ ဖြင့် ရောင်းချခဲ့ရသည့် မှတ်တမ်းများတွေ့ရှိရသလို **"အကျော်အမော်"** (အေဝမ်း)၊ **"သည်ဆောင်းဟေမာန်"** (ဗြိတိသျှဘားမား)ရုပ်ရှင်ကားများကို ရုရှားနိုင်ငံ တပ်ရှ်ကင်ရုပ်ရှင်ပွဲတော်များတွင် မြန်မာ့ရုပ်ရှင်အဖွဲ့များ သွားရောက်ပြသခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ထိုပွဲတော်သို့ ဦးညီပု၊ ဦးအောင်ဖော်ဇံ၊ သိန်းဇော်၊ မေလွင်တို့ တက်ရောက်ခဲ့ကြသည်။

မြန်မာ့ရုပ်ရှင်အသံထွက်ရေးအတွက် အိန္ဒိယနိုင်ငံအထိ ခြေဆန့်ခဲ့ကြသော **ဒါရိုက်တာဦးတုတ်ကြီး၊ မင်းသားမောင်အေးကို၊ ခင်မောင်ညွန့်၊ မင်းသမီးခင်မေကြီး၊ ခင်မေလေး၊ ချစ်တင်ကြီး၊ ရွှေပြည်အေး၊ ဆရာချစ်၊ တယောကိုဘရီ** အစရှိသူတို့၏ ကြိုးပမ်းမှုကလည်း ထိုခေတ်က မြန်မာရုပ်ရှင်ပညာသည်တို့၏ ထူးခြားမှုတစ်ရပ်ဖြစ်ပါလေ၏။ **"ငွေပေးလို့မရ"** ရုပ်ရှင်ဇာတ်ကားကို ဖန်တီးခဲ့သူများဖြစ်ကြပါသည်။

စင်စစ် ဗြိတိသျှဘားမားကုမ္ပဏီ ပိုင်ရှင် ဦးညွန့်သည်လည်း အလွန်ချီးကျူးဖွယ်ကောင်းသော မြန်မာရုပ်ရှင်ဖန်တီးသူဖြစ်လေသည်။ မြန်မာရုပ်ရှင်ဇာတ်ကားများ အသံထွက်စေဖို့ အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ ဒါရိုက်တာဦးဘဒွန်းနှင့်အတူ သွားရောက်လေ့လာခဲ့ပြီး အသံထွက်စက်ပစ္စည်းများကို ဝယ်ယူခဲ့လေသည်။ ဗြိတိသျှဘားမားမှ ထုတ်လုပ်သော ကားပိုင်းတို အသံထွက်ရုပ်ရှင်နှစ်ကားမှာ **"ရွှေအိမ်သည်နှင့်ပဋိက္ခရား"** (ပေ ၄၀၀၀ နီးပါး)နှင့် **"ဗေဒါ"** (ပေ ၂၀၀၀ နီးပါး) တို့ဖြစ်ပြီး **"တေမိယ"** အသံတိတ်ရုပ်ရှင်ကားတို့ကို ၁၉၃၂ ခုနှစ် ဧပြီလကုန်တွင် စတားရုံ(ဝင်းဝင်းရုံ)တွင် ပြသခဲ့သည်။

အိန္ဒိယသို့ သွားရောက်ရိုက်ကူးသော ကားပိုင်းရှည် **"ငွေပေးလို့မရ"** ဇာတ်ကားကို မေလ ၁၈ ရက်နေ့တွင် ပလာဇာရုံ(ရာဇ်၊ ရဲရင့်၊ ဆကုရတာဝါ)တွင် ပြသခဲ့သည်။

ဗြိတိသျှဘားမား၏ ပထမဆုံးအသံထွက် ကားပိုင်းရှည်မှာ **"လောကနိဗ္ဗာန်"** ဖြစ်ပြီး ၁၉၃၃ ခုနှစ်တွင် ရုံတင်နိုင်ခဲ့သည်။ အေဝမ်း၏ ပထမဆုံးအသံထွက် ရုပ်ရှင်ကားပိုင်းရှည်မှာ **"အောင်သပြေ"** ဖြစ်ပြီး ၁၉၃၇ ခုနှစ်တွင် ပြသနိုင်ခဲ့သည်။

ထိုသို့ အသံထွက်ရုပ်ရှင်ကားများ ဖြစ်ပေါ်လာအောင် မြန်မာရုပ်ရှင် ပညာသည်ကြီးများသည် ဂျပန်၊ အိန္ဒိယနိုင်ငံတို့နှင့် ဆက်သွယ်လုပ်ကိုင်ရခြင်း၊ နိုင်ငံခြားပညာရှင်များကို ခေါ်ယူကာ ပူးပေါင်းဆောင်ရွက်ရခြင်း၊ အသံလုံစတူဒီယိုများ ဆောက်လုပ်ကြရခြင်း၊ အသံထွက်ပစ္စည်းများမှာယူရခြင်း အစရှိသည့် အခက်အခဲများကို ကျော်လွှားခဲ့ကြရလေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့ရုပ်ရှင်သက် ၁၀၄ နှစ်အတွင်း မြန်မာရုပ်ရှင်ပညာသည်ကြီးများ ကမ္ဘာ့နိုင်ငံအသီးသီးသို့ မြန်မာ့ရုပ်ရှင်မြင့်မားရေးအတွက် ကြိုးပမ်းခဲ့ပုံများကို အထောက်အထားတော်တော်များများက ယနေ့တိုင် ဖော်ပြလျက်ရှိသည်ကို တွေ့ရသည်။

ထိုအမွေကိုဆက်ခံ၍ ယနေ့ရုပ်ရှင်လောကတွင် လှုပ်ရှားနေသော လူငယ်၊ လူလတ်ပိုင်းတို့သည် ရှေးခေတ်ရုပ်ရှင်ဆရာကြီးများထက်ပို၍ ရုပ်ရှင်လောကကို မြှင့်တင်နိုင်ပါစေကြောင်း၊ ကမ္ဘာ့ရုပ်ရှင်လောကကို ထိုးဖောက်နိုင်ပါစေကြောင်း ၁၀၄ နှစ်မြောက်ရုပ်ရှင်နေ့တွင် ဆန္ဒပြုအပ်ပါသည်။ ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ရေဘေးသင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရေကြီးနစ်မြုပ်မှုများကြောင့် ဝန်ထမ်းမိသားစုများ၏ နေအိမ်၊ အဆောက်အအုံများနှင့် အခြားပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဌာနအကြီးအမှူးများက ရေဘေးဒဏ် ခံစားခဲ့ရသည့် ဝန်ထမ်းများအား လိုအပ်သည့် ငွေကြေးထောက်ပံ့ပေးမှုများ၊ အဝတ်




အထည်များ၊ အိမ်သုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည့်အပြင် ဝန်ကြီးဌာနအနေဖြင့်လည်း ထောက်ပံ့ငွေများ ထပ်မံပေးအပ်ခြင်းဖြစ်ကြောင်း၊ သဘာဝဘေး၊ ရေဘေးဒဏ်ကြောင့် ရေကြီးနစ်မြုပ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ်လ မတိုင်မီပြီးစီးအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး ရေဘေးသင့်ဝန်ထမ်း ၁၇၅ ဦးအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည့် ဝန်ထမ်းများစွမ်းဆောင်မှု အရည်အသွေး တိုးတက်မြင့်မားစေရေး မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းအသီးသီးတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဘေးဒဏ်ခံစားရသောဒေသများရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးပရိဘောဂပစ္စည်းများနှင့် စာရေးကိရိယာများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၁**

ရေဘေးဒဏ်ခံစားရသောအခြေခံပညာကျောင်းများအတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ကျောင်းသုံးပရိဘောဂများနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**လွှဲပြောင်းပေး**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ စာသင်စားပွဲနှင့်ကုလားထိုင် အစုံ ၄၅၀၊ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၄၇၀ နှင့် ဘောပင် ၂၇၀၀ တို့ကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနကျောင်း ၁၆ ကျောင်းသို့ အောက်တိုဘာ ၁၀ ရက်တွင် ကြိုတင်ပေးပို့လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပန်းတောင်းမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်




**ပန်းတောင်း အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းတွင် ပန်းတောင်းမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် အာဆီယံ အပေါင်းသုံးအရေးပေါ်ဆန် အရန်ရိက္ခာ (APTERR) အစီအစဉ်(၃) အရ ကိုရီးယားနိုင်ငံက လှူဒါန်းသော ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲကျင်းပသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အာဆီယံ အပေါင်းသုံး အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်အရ ပန်းတောင်းမြို့နယ်မှ ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ခြောက်စုရှိ အိမ်ထောင်စု ၁၀၄၂ စု၊ လူဦးရေ ၃၇၀၃ ဦးအတွက် ဆန်အိတ်ပေါင်း ၃၃၈ အိတ်ကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပန်းတောင်းမြို့နယ် အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ရပ်ကွက်လေးခုအတွက် ဆန်အိတ်များကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေ၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွဋ်တို့က ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာအုပ်စုများ အတွက်လည်းကောင်း ဆန်အိတ်များ ထောက်ပံ့ပေးအပ်သည်။

**အားပေးစကားပြောကြား**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# အင်ဒိုနီးရှားနိုင်ငံ မြို့တော်သစ် နူဆန်တာရာ၌ အသစ်တည်ဆောက်ထားသော ဆေးရုံနှစ်ရုံ ယနေ့ ဖွင့်လှစ်

ဂျကာတာ အောက်တိုဘာ ၁၁

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် နိုင်ငံ၏မြို့တော်သစ် နူဆန်တာရာ၌ အသစ်တည်ဆောက်ထားသော ဆေးရုံနှစ်ရုံကို ယနေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆေးရုံများ ဖွင့်လှစ်ပေးခြင်းဖြင့် မြို့တော်ဂျကာတာမှ မြို့တော်သစ် နူဆန်တာရာသို့ ပြောင်းရွှေ့မည့် အရပ်ဘက်ဝန်ထမ်းများအကြား ယုံကြည်မှုတိုးမြင့်လာစေရန် မျှော်လင့်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။

အုပ်ချုပ်ရေးနှင့် ဗျူရိုကရေစီ ပြုပြင်ပြောင်းလဲရေးဝန်ကြီး အဇ္ဇဒူလာရ် အာဇ်ဝါ အာနာစ်က ၎င်း၏ ဝန်ထမ်းများအား လာမည့်နှစ် ဇန်နဝါရီလတွင် မြို့တော်သစ် နူဆန်တာရာသို့ ပြောင်းရွှေ့ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အစိုးရသည် နူဆန်တာရာသို့ နိုင်ငံ့ဝန်ထမ်း ၄၀၀၀ ကျော်ကို စက်တင်ဘာလတွင် ပြောင်းရွှေ့နေရာချထားရန် ကနဦးစီစဉ်ထားသော်လည်း အိမ်ရာအဆောက်အအုံများ မပြည့်စုံမှုအပါအဝင် အချို့သောအကြောင်းရင်းများကြောင့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

မြို့တော်ဂျကာတာမှ မြို့တော်သစ် နူဆန်တာရာသို့ အရပ်ဘက်ဝန်ထမ်း ၁၀၀၀၀ ကျော်ကို ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိပြီး ပြောင်းရွှေ့ရေးလုပ်ငန်းစဉ်ကို ၂၀၂၉ ခုနှစ်အထိ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့တော်သစ်နူဆန်တာရာ၌ စာသင်ကျောင်းများအပါအဝင် အခြားသောအများသူငါ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်မြှင့်ဆောင်ရွက်သွားရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက တောင်းဆိုခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



# တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဟု တရုတ်ဝန်ကြီးချုပ် ပြောကြား

ဗီယင်ကျန်း အောက်တိုဘာ ၁၁

တရုတ်-အာဆီယံပြီးပြည့်စုံသည့် ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံသည် အာဆီယံပေါင်းစည်းရေး၊ အာဆီယံအသိုက်အဝန်းတည်ထောင်ရေးနှင့် မဟာဗျူဟာအရ လွတ်လပ်မှုတို့ကို အစဉ်အမြဲ ထောက်ခံအားပေးသွားမည်ဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် လက်တွဲ၍ တရုတ်-အာဆီယံပြီးပြည့်စုံသည့် ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်မားသည့်အဆင့်သို့ မြှင့်တင်မည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်လီချန်းက အောက်တိုဘာ ၁၀ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် တရုတ်-အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ပြောကြားသည်။




ယမန်နှစ်အတွင်းက ဘုံအကျိုးစီးပွားကို ရှေးရှုသည့် တရုတ်-အာဆီယံ အသိုက်အဝန်းကို တည်ထောင်ရန်အတွက် ခြေလှမ်းသစ်များ စတင်နိုင်ခဲ့ပြီး တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ရလဒ်များကို ဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်းက ထပ်လောင်းပြောကြားသည်။

တရုတ်နှင့် အာဆီယံသည် လူဦးရေ ၁ ဒသမ ၄ ဘီလီယံနှင့် သန်း ၆၀၀ အသီးသီးရှိသော အဓိကဈေးကွက်နှစ်ခုဖြစ်ကြောင်းနှင့် ဈေးကွက်ဆိုင်ရာ အရင်းအမြစ်များသည် တရုတ်နှင့် အာဆီယံအတွက် အထင်ရှားဆုံးအားသာချက်ဖြစ်ကြောင်း လီက ပြောကြားသည်။ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ ဈေးကွက်များကို မြှင့်တင်လျက်ရှိပြီး ဈေးကွက်ချိတ်ဆက်မှုခိုင်မာခြင်းဖြင့် နှစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာကြောင်း ၎င်းက ပြောကြားသည်။

တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ(FTA)ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုသည် သိသာထင်ရှားသည့် အဆုံးသတ်အဆင့်သို့ ရောက်ရှိခဲ့ပြီး နှစ်ဖက်စလုံးအတွက် အဖွဲ့အစည်းဆိုင်ရာ အာမခံချက်တစ်ရပ်ကို ပေးအပ်ခဲ့ကာ အရှေ့အာရှတွင် ထိပ်တန်းစီးပွားရေးပေါင်းစည်းမှုဆီသို့ ဦးတည်သည့် ခြေလှမ်းတစ်ရပ်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် လီချန်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် အာဆီယံနှင့် လက်တွဲ၍ ဘုံဈေးကွက်တစ်ခုကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျှဝေမှုရှိစေရေး အားထုတ်ကြိုးပမ်းမည်ဖြစ်ပြီး တရုတ်နှင့် အာဆီယံနိုင်ငံများအား ခိုင်မာ၍ စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်အထိ သာယာဝပြောမှုများရရှိစေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်းက မှတ်ချက်ပြုပြောကြားသည်။

တရုတ်-အာဆီယံ ဆက်ဆံရေးသည် အာရှဒေသအတွက် အလွန်အရေးပါပြီး ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသည်ကို သတိပြုမိပြီး အာရှဒေသအတွက် ပိုမိုကောင်းမွန်သောအနာဂတ်ကို ဖန်တီးနိုင်ရန် အာဆီယံနှင့် လက်တွဲဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ်လီချန်းက ပြောကြားသည်။

တရုတ်သမ္မတရှီကျင့်ဖျင်၏ ညွှန်ကြားချက်နှင့်အညီ တရုတ်နိုင်ငံသည် ချစ်ခင်ရင်းနှီးမှု၊ ရိုးသားမှု၊ အပြန်အလှန်အကျိုးရှိမှုနှင့် အားလုံးပါဝင်နိုင်မှုဆိုင်ရာ နိယာမများကို အခြေခံသည့် စည်းမျဉ်းများကို ဆက်လက်ကိုင်စွဲသွားမည်ဖြစ်ကာ ပိုမိုကောင်းမွန်သည့် အာရှအသိုက်အဝန်းကို အခြားနိုင်ငံများနှင့် လက်တွဲ၍ တည်ထောင်သွားမည်ဟု တရုတ်ဝန်ကြီးချုပ် လီချန်းက ထပ်လောင်းပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဒုတိယကမ္ဘာစစ်အတွင်း အဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်လာသူများကို ကိုယ်စားပြုသော ဂျပန်အဖွဲ့အစည်း နီဟွန်ဟီဒန်ကျို ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခံရ

စတော့ဟုမ်း အောက်တိုဘာ ၁၁

ဒုတိယကမ္ဘာစစ်အတွင်းအဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်လာသူများကို ကိုယ်စားပြုသော ဂျပန်အဖွဲ့အစည်းတစ်ခုဖြစ်သည့် နီဟွန်ဟီဒန်ကျိုအား ယခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပံ့ပိုးကူညီမှုများပေးခဲ့**

၁၉၅၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် နီဟွန်ဟီဒန်ကျို အဖွဲ့အစည်းသည် ဂျပန်နိုင်ငံတစ်ဝန်းရှိ ဒုက္ခသည်များအတွက် ပံ့ပိုးကူညီမှုများပေးခဲ့ပြီး ပိုမိုကောင်းမွန်သောအကူအညီများရရှိရန် လှုံ့ဆော်ခဲ့ကြောင်း သိရသည်။




၎င်း၏အဖွဲ့ဝင်များသည် ကမ္ဘာတစ်ဝန်း၌ နျူကလီးယားလက်နက်များ တားမြစ်ပိတ်ပင်ရေးအတွက် လိုက်လံစည်းရုံးပြီး ၎င်းတို့၏ အတွေ့အကြုံများကို နိုင်ငံအများအပြား၌ ထုတ်ဖော်ပြောကြားလျက်ရှိကြောင်း နော်ဝေနိုဘယ်ဆုရွေးချယ်ချီးမြှင့်ရေးကော်မတီက ပြောကြားသည်။

ဒုတိယကမ္ဘာစစ်အတွင်းအဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်လာသူအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် ယခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း နော်ဝေနိုဘယ်ဆုရွေးချယ်ချီးမြှင့်ရေး ကော်မတီက ဆက်လက်ပြောကြားသည်။

ရာစုနှစ်ဝက်အတွင်း ဂျပန်လူမျိုးသို့မဟုတ် အဖွဲ့အစည်းတစ်ခုက ငြိမ်းချမ်းရေးနိုဘယ်ဆုကို ပထမဆုံးအကြိမ် ရရှိခြင်းဖြစ်သည်။

၁၉၇၄ ခုနှစ်တွင် အရှေ့တောင်အာရှဒေသအတွင်း ပြန်လည်သင့်မြတ်ရေးနှင့် နျူကလီးယားလက်နက်မပြန့်ပွားရေး သဘောတူစာချုပ်ကို ဂျပန်နိုင်ငံကိုယ်စားလက်မှတ်ရေးထိုးခြင်းအတွက် ဝန်ကြီးချုပ်ဟောင်း ဆာတိုအီဆာကူအား ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခဲ့သည်။

နီဟွန်ဟီဒန်ကျို အဖွဲ့အစည်း၏ တွဲဖက်ဥက္ကဋ္ဌ တစ်ဦးဖြစ်သည့် မီကာကီ တိုရှီယူကီသည် ဟီရိုရှီးမား မြို့တော်ခန်းမတွင် ငြိမ်းချမ်းရေး နိုဘယ်ဆုကြေညာခြင်း တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်ကို ကြည့်ရှုခဲ့သည်။

ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိခြင်းသည် သူ့အားလွန်စွာ အံ့အားသင့်စေခဲ့ကြောင်းနှင့် အဆိုပါဆုသည် နီဟွန်ဟီဒန်ကျို အဖွဲ့အစည်း၏ အစိတ်အပိုင်း ဖြစ်ဖူးသူတိုင်းအတွက် အလွန်အဓိပ္ပာယ်ရှိကြောင်း မီကာကီ တိုရှီယူကီက ပြောကြားသည်။

ထို့ပြင် ၎င်း၏အဖွဲ့အစည်းသည် ကမ္ဘာအဝန်း၌ နျူကလီးယားလက်နက်များကို ဖျက်သိမ်းရန်နှင့် ထာဝရ ငြိမ်းချမ်းရေးရရှိရန် ဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်း မီကာကီတိုရှီယူကီက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဆီးရီးယား-လက်ဘနွန်နယ်စပ်ရှိ အီရန်ဆေးရုံအား လေကြောင်းတိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်သည်ဟု အီရန် ပြောကြား

တီဟီရန် အောက်တိုဘာ ၁၁

ဆီးရီးယား-လက်ဘနွန်နယ်စပ်ရှိ အီရန်ဆေးရုံအား အစ္စရေးတပ်မတော်၏ လေကြောင်း တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးဗဟိုင်းက ပြောကြားသည်။

အီရန် ကြက်ခြေနီအသင်းကဖွင့်လှစ်သည့် အဆိုပါဆေးရုံအား အစ္စရေးက တိုက်ခိုက်ခြင်းကို ၎င်းက ဝေဖန်ပြောကြားခြင်းဖြစ်သည်။

အစ္စရေးတပ်မတော်သည် ဂါဇာ၊ လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံတို့ရှိ ဆေးရုံများနှင့် ကယ်ဆယ်ရေးစခန်းများအား မကြာခဏတိုက်ခိုက်လေ့ရှိပြီး ယင်းတိုက်ခိုက်မှုများသည် နိုင်ငံတကာစည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဥပဒေတွင် ဆေးရုံများနှင့် ကယ်ဆယ်ရေးစခန်းများကို တိုက်ခိုက်ခြင်းအား တားမြစ်ထားသဖြင့် ယခုတိုက်ခိုက်မှုသည် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အီရန်ကြက်ခြေနီအသင်းအကြီးအကဲ ပရိုဟိုင်ဆီကိုလိုင်ဗင်က ပြောကြားသည်။

အစ္စရေး၏ စစ်မက်ဖြစ်ပွားရန် လိုလားမှုသည် အနောက်အာရှတွင် မလုံခြုံမှုနှင့် မတည်မငြိမ်ဖြစ်စေသည့် အဓိကအကြောင်းရင်းဖြစ်သည်ဟု ကာတာနိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမက် ဗင်အဗ္ဗဒူရာမန်ဗင်ဂျက်ဆန်အယ်လ်သာနီနှင့် ကာတာနိုင်ငံဒိုဟာမြို့တွင် တွေ့ဆုံစဉ် အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယတ် အဗတ်အေရာချီက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# မင်းတပ်မြို့၌ လူမနေသည့်အိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့၍ လူနေအိမ် ၈၀ နီးပါးပျက်စီးကြောင်း သတင်းတု၊ သတင်းမှားများ ဝါဒဖြန့်လုပ်ကြံလျက်ရှိ




နေပြည်တော် အောက်တိုဘာ ၁၁

ချင်းပြည်နယ် မင်းတပ်မြို့တွင် လူမနေသည့်အိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေခြင်းကြောင့် အိမ်ခြေ ၈၀ နီးပါးပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မင်းတပ်မြို့ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူမနေသည့်အိမ်များကို မီးရှို့၍ ဖျက်ဆီးခဲ့သည်ဆိုသည့်သတင်းမှာ သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မင်းတပ်မြို့တွင် နေထိုင်နေကြသည့် ပြည်သူ၊ ပြည်သားများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်မည်ကို မလိုလားသဖြင့် တမင်သက်သက် လှုံ့ဆော်ဝါဒဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်ယန္တရားအပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ




မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

နေပြည်တော် အောက်တိုဘာ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Genlyon Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၇၆၈၄၆၆)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်ယန္တရားယာဉ်အပိုပစ္စည်း ၂၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၈၄၆၇၀၇)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၈၁၆၂၀၆)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၁၇၁၃၇၉)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တရားမဝင်မီးသွေး ၃၈ ဒသမ ၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၉ ရက်တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၂၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး၊ စက်မှုဇုန်ထုတ် Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၂ ဒသမ ၀၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၄၄၇၀)ကို သစ်တောဥပဒေအရလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၉၀၀၄၇၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၁၀ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံခရိုင်အတွင်း၌ လိုင်စင်မဲ့ ယာဉ်နှစ်စီးနှင့် ဆိုင်ကယ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းခရိုင် မြောင်မြို့နယ်၌ လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကိုသိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၅၇၇၁၈၄၉)သိမ်းဆည်းရမိခဲ့ပါသည်။ ထိုကဲ့သို့တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ပင်လယ်ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက် မြိတ်လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ သက်ဇော်ဦးနှင့် သိန်းဝင်း(ခ) တရုတ်ကြီးတို့ နှစ်ဦးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့သည်။

အောက်တိုဘာ ၁၀ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်တွင် အိုက်ခမ်း မောင်းနှင်ပြီး အိုက်ထိုက်(ခ)လီဟွာ လိုက်ပါလာသည့် Toyota Crown အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးကက်တမင်း ၇၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁၀-၂၀၂၄ စနေနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ေဘဇ္ဈင်္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၃၅ သဘာဝဘေးအန္တရာယ်ကိုရင်ဆိုင်ကျော်လွှားမွန်မြတ်စိတ်ထားတွဲလက်များနဲ့ကူညီထမ်းဆောင်
- ၀၉:၄၅ နိုင်ငံဖွံ့ဖြိုးရေးသန်းခေါင်စာရင်းမှာပူးပေါင်းပါဝင်ပေး
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၀:၄၅ လူငယ်ရေးရာအစီအစဉ်
- ၁၁:၁၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၁:၄၀ စားမြိန်ဖွယ်ရာပျိုမေ့လက်ရာ
- ၁၂:၅၅ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၃:၃၀ MRTV National News
- ၁၅:၁၅ မျိုးဝဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၅:၃၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်ဆို၊က၊ရေး၊တီးပြိုင်ပွဲ'ရုပ်သေးပြိုင်ပွဲ'အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးခန်း
- ၁၆:၄၅ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်ဆို၊က၊ရေး၊တီးပြိုင်ပွဲ'ခေတ်ဟောင်းကာလပေါ်အမျိုးဝင်ဇာတိဝင်မြင့်တင်ရေး'အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးခန်း
- ၁၇:၁၀ ပုံပြင်ကမ္ဘာအစီအစဉ်'သိပါပြီ'
- ၁၇:၂၀ ရွှေယံစုံလင်အာဆီယံအစီအစဉ်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၀၅ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၁၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၃)ကြိမ်မြောက်ဆို၊က၊ရေး၊တီးပြိုင်ပွဲ (ရုပ်စုံသဘင်ပြိုင်ပွဲ) ဝါသနာရှင်(ပထမတန်း) အဆင့်(ပထမဆု) 'ငါးပါးဒွအက္ခရာဇာတ်တော်ကြီး' (မိုးပြည့်မြင့်မိုရ်ရုပ်စုံသဘင်အဖွဲ့)(ပဲခူးတိုင်းဒေသကြီး)

### mitv

- 07:02 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- 07:09 Weekly Review
- 07:25 Sarus Crane in Myanmar
- 07:36 Bo Cho Island, Makyonegalet
- 07:48 Myanmar Family Life: Vital Food
- 08:01 News
- 08:26 Myanmar-Korea Song (8)
- 08:35 Quiz Time (Ep-75)
- 09:51 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-7)
- 10:01 News
- 10:26 Topical Topics: Kayah Nationals' Marlarfu Salad
- 10:34 Children's Delight: Twelve Seasonal Festivals in Myanmar (The Month of Thadingyut)

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၂၂)

**ဝကေကရင် (၁၂:၀၀ မှ ၁၃:၀၀)**
တိမ်ပင်လယ်သို့ခြေဆန့်ခြင်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ထမင်းရည်ရဲ့အာနိသင်အကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
'ဝ'ဥအကြောင်းသိကောင်းစရာ

**ချင်း (ချိူး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်းရိုးရာကြက်သားသုပ်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရှေးဟောင်းမွန်ရိုးရာတူရိယာ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
သာယာပါသည်ရခိုင့်ဌာနီ

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၁၂)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ ကမ္ဘာတစ်ခွင်မြည်းစမ်းချင်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၄)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ အနာဂတ်၏ဖွံ့ဖြိုးမြန်မာစိုက်မွေးပညာသင်ယူပါလူငယ်ဘဝတစ်သက်တာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Gardeners' World-2022(Episode-2)
- ၁၉:၀၀ A Complete Guide to Digging & Planting Your First Vegetable Garden: Tomatoes, Peppers & Herbs
- ၁၉:၃၀ International Music Hits
- ၂၂:၀၀ Past Lives (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များအတွင်း အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သူများအား သက်သေခံ Tablet တစ်လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များအတွင်း YBS ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များထံမှ အုပ်စုဖွဲ့ ခါးပိုက်နှိုက်ယူမှုများဖြစ်ပွားလေ့ရှိကြောင်း ဒုစရိုက်မှုကို မလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ခါးပိုက်နှိုက်မှုကျူးလွန်လေ့ရှိသူများဖြစ်ကြသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃) ရပ်ကွက်နေ သန်းထွန်းအောင်(ခ)ကရင်ကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၇)ရပ်ကွက်နေ စန်းမောင်ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂) ရပ်ကွက်နေ စိုးတင့်(ခ)တရုတ်ကို လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၉) ရပ်ကွက်နေ ချစ်မင်းထွေး(ခ)ကုလားလေးကို လည်းကောင်း ၎င်းတို့၏နေအိမ်များမှ ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များအတွင်း အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သူများ (ဝဲ မှ ယာ) တရားခံ စန်းမောင်၊ ချစ်မင်းထွေး(ခ) ကုလားလေး၊ သန်းထွန်းအောင်(ခ)ကရင်နှင့် စိုးတင့်(ခ)တရုတ်တို့ကို သက်သေခံ Tablet တစ်လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိစဉ်။

စစ်ဆေးပေါ်ပေါက်ချက်အရ သန်းထွန်းအောင်(ခ)ကရင်၊ စန်းမောင်၊ စိုးတင့်(ခ)တရုတ်နှင့် ချစ်မင်းထွေး(ခ)ကုလားလေးတို့လေးဦးသည်အောက်တိုဘာ ၃ ရက် ညနေ ၆ နာရီတွင် ရန်ကင်းမြို့နယ်အတွင်း ပြေးဆွဲနေသည့် YBS(14)ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည် အမျိုးသမီးတစ်ဦးထံမှ TAB 8 Pro အမျိုးအစား Tablet တစ်လုံးကို ခါးပိုက်နှိုက်ရယူခဲ့ကြောင်း ဖော်ထုတ်သိရသည်။

ဆက်လက်စစ်ဆေးချက်အရ ၎င်းတို့ လေးဦးသည် စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း ရန်ကင်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့အတွင်း ပြေးဆွဲနေသည့် YBS ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များထံမှ လက်ကိုင်ဖုန်း ၂၂ လုံးကို ၁၀ ကြိမ် အုပ်စုဖွဲ့ ခါးပိုက်နှိုက်ရယူခဲ့ကြောင်းနှင့် ထိုသို့ ခါးပိုက်နှိုက်မှုများ ကျူးလွန်စဉ် သန်းထွန်းအောင်(ခ)ကရင်က လက်ကိုင်ဖုန်းများကို ခါးပိုက်နှိုက်ယူပြီး စန်းမောင်၊ ချစ်မင်းထွေး(ခ) ကုလားလေးနှင့် စိုးတင့်(ခ)တရုတ်တို့က YBS ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များကို တိုးဝှေ့၊ လူကာပေးခဲ့ကြကြောင်း ဖော်ထုတ်သိရသည်။

ပေါ်ပေါက်ချက်အရ ခါးပိုက်နှိုက်ရယူထားရှိသည့် Tablet နှင့် လက်ကိုင်ဖုန်းများကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ပြည့်ဖြိုးသူ(ခ)ဖိုးခွားထံတွင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၇၇၈၀၀၀ ဖြင့် ရောင်းချထားကြောင်း သိရှိရသဖြင့် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ ခါးပိုက်နှိုက်မှုကျူးလွန်ရာမှရရှိသည့် TAB 8 Pro အမျိုးအစား Tablet တစ်လုံးနှင့် လက်ကိုင်ဖုန်းမျိုးစုံ ၂၂ လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များအတွင်း အုပ်စုဖွဲ့ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သူ သန်းထွန်းအောင်(ခ)ကရင်ပါ တရားခံလေးဦးကို သက်သေခံ Tablet တစ်လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုများဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့ တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရွှေပညာဒါန( အခမဲ့ ) ရွှေသင်တန်း အသိပညာပေးသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် (၃၄) ကြိမ်မြောက် ရွှေပညာဒါန ( အခမဲ့ ) ရွှေသင်တန်း အသိပညာပေး သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်( ၆ )ရပ်ကွက် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပသည်။

**သင်တန်းဆင်းလက်မှတ်ပေးအပ်**

အခမ်းအနားတွင် အသင်းနာယက ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမများက သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူ ၁၀၀ ကျော်အား သင်တန်းဆင်း လက်မှတ်များပေးအပ်သည်။

သင်တန်းကာလမှာ ၁၀ ရက်ကြာပြီး သင်တန်းတွင် ရွှေသတ္တုတူးဖော်ခြင်း ဘာသာရပ်၊ ရွှေပန်းထိမ်ပညာဘာသာရပ်၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ အသုံးချရွှေသချာ၊ ရွှေအပေါင်ခံခြင်း ဘာသာရပ်၊ ရွှေဒင်္ဂါး/ငွေဒင်္ဂါး ဘာသာရပ်၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ ရွှေအခြေခံ တွက်ချက်နည်း၊ ကျောက်မျက်ပညာ ဘာသာရပ် အကြောင်းတို့ကို ပညာရှင်များက ပို့ချပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၅၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ပင်လောင်းမြို့နယ်၌ အိမ်ထောင်စု ၂၈၈၇၁ စု လူဦးရေ ၁၁၆၈၇၅ ဦး သန်းခေါင်စာရင်းကောက်ယူပြီးစီး

ပင်လောင်း အောက်တိုဘာ ၁၁

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှစ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ စာရင်းကောက်ကွက် ၄၁၂ ကွက်တွင် စာရင်းကောက်အဖွဲ့ ၃၅ ဖွဲ့ဖြင့် စာရင်းများကောက်ယူလျက်ရှိပြီး အောက်တိုဘာ ၁၀ ရက်ထိ ကောက်ကွက် ၂၂၇ ကွက်၊ အိမ်ထောင်စု ၂၈၈၇၁ စု၊ လူဦးရေ ၁၁၆၈၇၅ ဦး စာရင်းကောက်ယူပြီးဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် သဘာဝဘေးဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လင်းခေးခရိုင် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

လင်းခေး အောက်တိုဘာ ၁၁

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက လင်းခေးခရိုင် နွယ်ဝတီခန်းမ၌ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်ရန်နှင့် သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ လင်းခေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက လင်းခေးဒေသ အခြေအနေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများ တင်ပြရှင်းလင်းပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ကျန်ရှိနေသေးသည့် လုပ်ငန်းကဏ္ဍများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားသည့်နေရာများကို ဦးစားပေးဆောင်ရွက်ရန်၊ စာသင်ကျောင်းသွားသည့် လမ်းများကို ဦးစားပေးဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးရာသီမရောက်မီ အစားထိုးသီးနှံ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနခရိုင်ရုံးမှ တာဝန်ရှိသူတစ်ဦးက ရေဘေးကြောင့်ပျက်စီးသွားသောအိမ်များ ပြန်လည်ဆောက်လုပ်နေမှုနှင့် လိုအပ်ချက်များ တင်ပြရှင်းလင်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်အမှာစကားပြောကြားပြီး ဆန်၊ ဆီ၊ ပဲပုပ်မျိုးစေ့နှင့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သော စည်သွတ်ဘူး၊ ခေါက်ဆွဲခြောက်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သော ဆန်ရိက္ခာဖိုးငွေကျပ် ၁၆၃၈၂၆၀၀ တို့အား ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းက လက်ခံရယူကာ ရွှေဖီဦး၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ပစ္စည်း သုံးမျိုးအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့ဆောင်က လက်ခံရယူသည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လင်းခေးမြို့ နမ့်တိန်းတံတား(ဒါးဆိပ်)မှ နမ့်အွန်ရွာအနီး နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း(လင်းခေး-မိုင်းပန်-တာဆန်းအပိုင်း) သဘာဝဘေးဒဏ်ကြောင့် လမ်း၊တံတား ပျက်စီးဆုံးရှုံးမှုများကို ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် လင်းခေးမြို့ ဈေးတန်းရပ်ကွက်ရှိ နမ့်တိန်းတံတား(လင်းခေး)နှင့် ဝမ်လွိုင်ရပ်ကွက်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လင်းခေးခရိုင် ဝမ်တိန်းကျေးရွာအုပ်စု နမ့်တွန်ဘုန်းကြီးကျောင်း၌ သောက်သုံးရေရရှိရန် ရေတွင်းများပြန်လည်အသုံးပြုနိုင်ရေးအတွက် VDPလုပ်ငန်းများဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း ၁၅၀ နှင့် နမ့်တွန်ကျေးရွာအတွက် ငွေကျပ်သိန်း ၁၅၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံရယူကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လင်းခေးခရိုင် မောက်မယ်-ဝမ်ဟတ်-လင်းခေးလမ်းနှင့် ဝမ်ဟတ်-ဝမ်စလောင်း-တာဆွတ်တိန်း-ဟိုမိန်းလမ်း သဘာဝဘေးကြောင့် ပျက်စီးသွားသည့်လမ်း၊ တံတားများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး နားကုန်းကျေးရွာအုပ်စု ဝမ်တိန်းကျေးရွာအတွက် VDP လုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၅၀ ကို ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပေးအပ်ရာ ဝမ်တိန်းကျေးရွာ ရပ်မိရပ်ဖ ဦးစိုင်းထွန်းလင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း၌ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မင်းဘူး အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းတွင် ဆင်လိမ္မာလေးများ၏ ကကွက်ဆန်းများ အပါအဝင် အခြား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း ဆင်စခန်းတာဝန်ခံများထံမှ သိရသည်။



## တည်ဆောက်ထား

ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ စတင်ကာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖြစ် ဖော်ဆောင်ထားသော ဆင်စခန်းများတွင် တစ်ခုဖြစ်သည်။ ပြည်တွင်းပြည်ပမှ ခရီးသွားလာခြင်း လွယ်ကူစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်နေရာ ဖြစ်သည့်အပြင် တောတောင်ရေမြေနှင့် သဘာဝအလှအပများ၊ စိမ်းစို၍ ရှုခင်းများကောင်းသော နေရာများကိုအခြေခံကာ တည်ဆောက်ထားခြင်းဖြစ်သည်။

ယခုနှစ်တွင် ဆင်လိမ္မာလေးများ၏ ကကွက်များကို လူအများစိတ်ဝင်စားဖွယ်ရာကောင်းသော ကကွက် အသစ်အဆန်းများဖြင့် တီထွင်ဆန်းသစ်ကာ ကပြစေခြင်း၊ VIP ဆောင်များ တိုးချဲ့ပြင်ဆင်ထားရှိခြင်း၊ ဆင်စခန်းအတွင်း ကွန်ကရစ်လမ်းအရှည်ပေ ၁၉၀၀၊ ခင်းပေးထားခြင်း၊ မန်ကျည်းပင် ၄၀၀၀ စိုက်ပျိုးထားခြင်း စသော အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

## လာရောက်လေ့လာ

ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းသည် ရွှေစက်တော်ဘုရားမှ နှစ်မိုင်သာဝေးကွာသောကြောင့် စက်တော်ရာပါဒခြေတော်ရာနှစ်ဆူကို ဖူးပြီးပါက ဆင်စခန်းတွင်ဆင်လိမ္မာလေးများ၏ ကကွက်အသစ်အဆန်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုကာ ဆင်များစီးပြီး မန်းချောင်းတစ်လျှောက်ရှိ တောတောင်ရေမြေနှင့် သဘာဝအလှအပတရားများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ ဆင်စခန်းတွင် ဆင် ၁၄ ကောင်ရှိပြီး ဆင်စီးပြီး အပန်းဖြေမည်ဆိုပါက ဆင်စီးခနှုန်းထားများမှာ နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် နိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။ ယခင်နှစ်များတွင် ရွှေစက်တော်ဘုရားဖူးကာလဖြစ်သည့် တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်အထိ သုံးလတာ ကာလများ၌သာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူနှင့် လာရောက်လေ့လာလည်ပတ်သူ အများအပြားရှိကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

❖ ကျောဖုံးမှ

ခရီးသည်စီးနင်းမှုအနေဖြင့် ပဲခူး-ရန်ကုန် ခရီးစဉ်တွင် နေ့စဉ်ပျမ်းမျှ ရထားစီးခရီးသည် ၈၀၀ ခန့်နှင့် ရန်ကုန်-ပဲခူး ခရီးစဉ်တွင် ပျမ်းမျှ ခရီးသည် ၇၀၀ ကျော်ခန့် လိုက်ပါစီးနင်းလျက်ရှိရာ အောက်တိုဘာ ၂ ရက်မှ ယနေ့အထိ ၁၀ ရက်အတွင်း ခရီးသည် စုစုပေါင်း ၁၄၂၁၆ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

အဆိုပါ အမှတ်(၁၆)အစုန် ပဲခူး-ရန်ကုန် DEMU ရထားသည် ပဲခူးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရောက်ရှိပြီး အမှတ်(၁၅)အဆန် ရန်ကုန်-ပဲခူး DEMU ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ ပဲခူးဘူတာသို့ ညနေ ၇ နာရီ ၅ မိနစ်တွင် ရောက်ရှိသဖြင့် ပဲခူးမှ ရန်ကုန်သို့ အလုပ်သွားအလုပ်ပြန် အဆင်ပြေမှုရှိသည့်အပြင် လမ်းခရီးတွင် ပုဇွန်တောင်၊ မလွှကုန်း၊ သဃ်န်းကျွန်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေးဒေါင့်ကန်၊ ဒါးပိန်၊ ကော့ချဲ၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝ၊ ဘုရားသုံးဆူ စုစုပေါင်း ၁၂ ဘူတာတွင် ရပ်တန့်ပေးခြင်းကြောင့် လမ်းခရီးတွင် လိုက်ပါစီးနင်းကြသူများအတွက်ပါ အဆင်ပြေမှုရှိကြောင်း သိရသည်။

ထို့ပြင် DEMU ရထားတွဲဆိုင်းတွင် ခရီးသည် ရပ်စီး၊ ထိုင်စီး စုစုပေါင်း ၈၃၂ ဦး စီးနင်းလိုက်ပါနိုင်ပြီး ခရီးသွားလက်မှတ်ခအနေဖြင့် ခရီးစဉ်အစမှအဆုံးထိ တစ်ဦးလျှင်ငွေကျပ် ၂၅၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ် ၁၃၀၀ နှုန်း သတ်မှတ်ထားမှုကြောင့် ခရီးသည်များကြိုက်နှစ်သက်ကြပြီး ရထားစီးခရီးသည် စီးနင်းမှုများပြားလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်နှင့်အညီ ခေတ်မီလူစီးတွဲများ ထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ဘူတာရုံများ အဆင့်မြှင့်တင်ရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၁

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်

စစ်တွေ အောက်တိုဘာ ၁၁

၁၃၈၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)တွင် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီးရင်ပြင်တော်၌ သံဃာတော် အပါး ၅၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပ နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဝါတွင်းကာလ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ပြီး ယခုနှစ်တွင်လည်း အစဉ်အလာမပျက်ကျင်းပနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် ဝါဆိုဝါကပ်သီတင်း သုံးတော်မူသည့် ဆရာတော်ကြီးများအပါအဝင် သံဃာတော် အပါး ၅၀၀ တို့အား လောကာနန္ဒာ စေတီတော်မြတ်ကြီးရင်ပြင်တော်၌ ဆွမ်းဆန်စိမ်း များ လောင်းလှူမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ အနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကုသိုလ်ပါဝင်လှူဒါန်းပေးစေလိုကြောင်း ပြောကြား သည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ် ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ကြရမည့်အစီအမံ များနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်သာသနာရေးမှူးနှင့် စစ်တွေ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင် ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင် များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက အကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား ခဲ့ကြောင်းသိရသည်။

တင်ထွန်း(ပြန်/ဆက်)




## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၁၁ ရက်၌ ပေါင်းလောင်းရေလှောင် တမံတွင် ၃ ဒသမ ၈၀ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၀၅ ပေ လျော့နည်းခြင်း ဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး လေးချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန် လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရ သည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၁၁-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၁.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၈၈၅၂ | ၆၂၇.၁၉ | ၅၆၅၅၅၂ | ၁၂၈၆၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၈၀ | ၁၆၂၁၈ | - | ၆၂၇.၂၄ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၈၅ | ၆၂၆.၀၀ | ၂၇၂၆၀ | - | ၉.၀၀ | ၉၂၄၀ | - | - | ၀.၂၀ | ၆၂၅.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၆၁ | ၅၁၉.၁၀ | ၈၉၁၃၃ | ၃၂၁ | ၀.၉၀ | ၂၄၅၇ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၅၀ | ၁၀၄၅၂ | ၇ | ၂.၅၀ | ၁၈၀၅ | - | - | - | ၅၀၉.၅၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၉၁ | ၄၃၈.၆၈ | ၇၂၀၄၀ | ၃၃၈ | ၀.၃၂ | ၉၆၀ | - | - | - | ၄၃၈.၇၆ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၆ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၂၉ | ၇၇၅၂ | ၈ | ၁.၇၁ | ၉၆၆ | - | - | - | ၄၁၆.၃၂ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၅ | ၇၀၃.၆၀ | ၁၀၇၉၇၃ | ၂ | ၆.၄၀ | ၃၅၁၁၇ | - | - | - | ၇၀၃.၆၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၄ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂ | ၈၆၄.၀၀ | ၁၀၄၂၂ | ၇၁ | ၆.၀၀ | ၄၁၇၈ | - | - | - | ၈၆၄.၁၅ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄)ချပ် ထောင်ထားပါသည်။

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# အသိပညာဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှု မြင့်မားလာစေဖို့ စာပေဖတ်ရှုလေ့လာစို့

## စာဖတ်ပရိသတ်တစ်ဦး

**ရန်ကုန်မိုးက ထုံးစံအတိုင်း လင်းရာမှ ရုတ်ခြည်းမည်းမှောင်လာကာ ရွာချလေတော့သည်။ သည်နေ့မနက် ရာသီဥတုက သာသာယာယာ၊ လင်းလင်းကျင်းကျင်းဖြစ်၍ ပန်းဆိုးတန်းစာအုပ်အဟောင်းတန်းဘက်သွားပြီး စာမြည်းထိုင်ဖတ်မည်၊ ကြိုက်တာတွေ့လျှင် တစ်အုပ်၊ နှစ်အုပ်ဝယ်မည်ဟု စိတ်ကူးနှင့်ထွက်လာပါမှ မိုးနှင့်တိုးတော့သည်။ သို့နှင့် နီးစပ်ရာလက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း ခေတ္တဝင်နားခိုရတော့သည်။**

**❖ ၂၀ ရာစု၏အစသည် မြန်မာခေတ်ပေါ်စာပေ၏ အစပင်ဖြစ်သည်ဟု ကျွန်တော်အကဲဖြတ်သည်။ ခေတ်စမ်းစာပေသည် ခေတ်ပေါ်စာပေ၏ ကဏ္ဍများရှိသည့်အနက် တစ်ကဏ္ဍဖြစ်သည်။ သူ့ကဏ္ဍနှင့်သူ။ ကျွန်တော်တို့ သမိုင်းခေတ်များကို ဖြတ်သန်းလာကြရသည်။ ဖြတ်သန်းသည့်အရွယ်၊ အခြေအနေ၊ ယဉ်ကျေးမှုနောက်ခံကား စသည်တို့ကတော့ တူချင်မှတူမည်။ သူတို့သည် မိမိဖြတ်သန်းလျက်ရှိသော သမိုင်းခေတ်ခံစားမှုကို သူတို့၏ စာပေ၊ ကဗျာ၊ စကားပြေတို့ဖြင့် တုံ့ပြန်ကြ**

**❖ စာကြည့်တိုက်များအပြင် ခေတ်ပြိုင်စာပေများ၊ ခေတ်ဟောင်းစာပေများ၊ ဘာသာရပ်ဆိုင်ရာ စာပေများနှင့် ရှားပါးစာအုပ်စာပေများ စုံလင်လှသည့် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ စာအုပ်အဟောင်းဆိုင်တန်းများကလည်း စာပေဝါသနာရှင်လူငယ်များ၊ စာဖတ်ပရိသတ်များကို ငံ့လင့်ကြိုဆိုလျက်ရှိ**

မိုးစက်မိုးပွင့်များကြားမှ ပန်းဆိုးတန်းစာအုပ်အဟောင်းအရောင်းဆိုင်လေးများကို ကျွန်တော်ငေးမောကြည့်မိသည်။ စာအုပ်အဟောင်းဆိုင်များဟု ဆိုရသော်လည်း ဘာသာရပ်ဆိုင်ရာ စာအုပ်မျိုးစုံ၊ ရှားပါးစာအုပ်မျိုးစုံကို ရရှိနိုင်ပါသည်။ သို့ဖြင့် ဥပဒေပညာရှင်များကလည်း ဥပဒေရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို လာရောက်ရှာဖွေဝယ်ယူလေ့ရှိကြသည်။ ရဟန်းသံဃာတော်အချို့ကလည်း ဘာသာရေးဆိုင်ရာ စာအုပ်များကို လာရောက်ဝယ်ယူလေ့ရှိကြသည်။ စာအုပ်များကလည်း မျိုးစုံလှသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာအုပ်များ၊ ကျန်းမာရေး၊ အားကစား၊ နိုင်ငံရေး၊ ဘာသာရေး၊ သမိုင်း၊ သုတ၊ ရသစာအုပ်မျိုးစုံလှသည်။ အင်္ဂလိပ်စာအုပ်စာတမ်းများ သီးသန့်ရောင်းချသည့်ဆိုင်များလည်းရှိ၍ တစ်ခါတစ်ရံ ကမ္ဘာလှည့်ခရီးသွားတချို့ကိုလည်း တွေ့ရတတ်သည်။

**စာဖတ်ပရိသတ်တစ်ဦးအနေဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့ရသည့် စာအုပ်အဟောင်းတန်းလေးကို ကျွန်တော်သံယောဇဉ်ဖြစ်ရသည်။ စာအုပ်စာပေများ စုဆောင်းတတ်သည့်အချိန်မှစ၍ ဒီပန်းဆိုးတန်း စာအုပ်အဟောင်းဆိုင်များမှ အများဆုံးဝယ်ယူဖြစ်ခဲ့ပါသည်။ ဆရာမောင်ဝံသ၏ နစ်ဆင်၊ ဟင်နရီကစ်ဆင်ဂျား၊ ကစ်ဆင်ဂျား၏ အိမ်ဖြူတော်နှစ်များ၊ ကစ်ဆင်ဂျား၏ ကသောင်းကနင်းနှစ်များ၊ သမ္မတ အန်ဝါဆဒတ်၊ မိုရှေဒါယန်း စသည့်နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေများ၊ အောင်သန်း၏ အောင်ဆန်း၊ အောင်ဆန်းမိသားစု စသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိစာပေများ၊ မိုးကုတ်ဆရာတော်ကြီး၏ သစ္စာလေးပါးတရားစာပေအတွဲများ၊ သော်တာဆွေစာအုပ်များ၊ ဗိုလ်တာရာ၏ မုဆိုးစာပေများ၊ တစ်ခေတ်တစ်ခါက ရွှေသွေးဂျာနယ်များ၊ ပါတီစာနယ်ဇင်းကထုတ်ဝေသည့် နိုင်ငံတကာဂျာနယ် နှစ်ချုပ်အတွဲများ စသည် စသည်ဖြင့် ...။**

လွန်ခဲ့သည့်ဆယ်စုနှစ်များက စာအုပ်ဈေးနှုန်းကလည်း ယခုခေတ်လို ဈေးမကြီးလှသေး၊ ကျွန်တော်တို့လို စာဖတ်ဝါသနာရှင်များနှင့် လက်လှမ်းတမီဖြစ်၍ စာအုပ်အတော်များများ ဝယ်ယူစုဆောင်းဖြစ်ခဲ့ပါသည်။ မှတ်မိသေးသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ **"ပုရာဘေဒ"**နှင့် **"မာလုကျပုတ္တ"** သုတ် တရားစာအုပ်များဆိုမူ ငွေကျပ် ၂၀ သာ ပေးခဲ့ရသည်။ သခင်တင်မြ၏ **"ဘုံဘဝမှာဖြင့်"** မူရင်းစာအုပ်အထူကြီးကိုလည်း ဈေးနှုန်းသက်သာစွာ ရရှိခဲ့သည်။ စာအုပ်ကြီးမှာ အတွင်းစာရွက်စာသားများ ကောင်းသော်လည်း အဖုံးမပါရှိ၍ ဝယ်ပြီးပြီးချင်း စာအုပ်ဆိုင်တွင် ခန့်ချုပ်ပြန်ချုပ်ခိုင်းခဲ့ရပါသည်။ သခင်တင်မြ၏ ဘုံဘဝမှာဖြင့် စာအုပ်ကို လူငယ်ဘဝက ရပ်ကွက်စာအုပ်အငှားဆိုင်တွင် ငှားဖတ်ခဲ့ဖူးသည်။ ဝတ္ထုစာအုပ်ဆိုက် ဆဋ္ဌမအတွဲအထိရှိသည်။ တတိယတွဲမရှိ၍ ကျော်ဖတ်ရှုခဲ့ရသည်။ ယခု လုံးချင်းစာအုပ်အထူကြီးကို တစ်ပေါင်းတည်း ဖတ်ရှုရရုံမက သပ်သပ်ရပ်ရပ် ခုံခုံထည်ထည် ချုပ်ပြီး ဖတ်ရှုရသဖြင့် အတော်ပီတိဖြစ်ရသည်။

စာပေဝါသနာရှင် စာဖတ်သူများအနေဖြင့် စာပေဖတ်ရှုရာတွင် တတ်နိုင်လျှင် မူရင်းပထမအကြိမ်ထုတ်စာအုပ်များကိုသာ ဖတ်ရှုချင်ကြသည်။ ဝယ်ယူစုဆောင်းလိုကြသည်။ ကျွန်တော်သည်လည်း ဒုတိယအကြိမ်၊ တတိယအကြိမ်ထုတ်စာအုပ်များနှင့် ယှဉ်လျှင် မူရင်းပထမအကြိမ်ထုတ်စာအုပ်များကို ပို၍မက်မောပါသည်။ ဥပမာဆိုရလျှင် ဆရာမောင်ဝံသ၏ နိုင်ငံရေးအတ္ထုပ္ပတ္တိစာအုပ်များဆိုလျှင် ပထမအကြိမ်ထုတ်ဝေစဉ်က မျက်နှာဖုံး၊ အတွင်းခဲစာလုံးလက်ရာများကို မျက်စိထဲစွဲနေ၍ ဒုတိယအကြိမ်၊ တတိယအကြိမ်ထုတ် စာအုပ်များကား ခံတွင်းမလိုက်သလို ခံစားရပါသည်။

သို့နှင့် ဝဏ္ဏသိရီ၏ အဋ္ဌမအကြိမ်ထုတ် **"ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း"** ပထမတွဲ၊ ဒုတိယတွဲကို ဝယ်ယူပြီးသည့်တိုင် တစ်တွဲလျှင် ငွေကျပ် ၆၀ စီဖြင့် ပထမဦးဆုံး ဝယ်ယူဖတ်ရှုခဲ့ဖူးသည့် ၁၉၈၉ ခုနှစ် ဩဂုတ်လ တတိယအကြိမ်ထုတ် စာအုပ်ကို စိတ်ထဲစွဲနေ၍ ပန်းဆိုးတန်းစာအုပ်အဟောင်းဆိုင်တွင် ထပ်မံဝယ်ယူဖြစ်ခဲ့ပါသည်။ စာပေဝါသနာရှင်အချင်းချင်းဆိုမူ ထိုဝါသနာ၊ ထိုခံစားချက်မျိုးကို နားလည်ကြပါလိမ့်မည်။

စာအုပ်အဟောင်းဆိုင်လေးများကို ငေးရင်း အဘယ်မျှကြာအောင် ငေးမောတွေးတောနေမိသည် မသိ၊ မိုးပင်တိတ်သွားခဲ့ချေပြီ။ စာအုပ်အဟောင်းဆိုင်အချို့လည်း စာအုပ်များ မိုးမစိုစေရန် အုပ်ထားသည့် ပလတ်စတစ်မိုးကာများကိုဖွင့်၍ ဆိုင်ပြန်ခင်းနေကြချေပြီ။

ဆိုင်တစ်ဆိုင်အရောက်တွင် ငွေကျပ် ၁၅၀၀ တန် စာအုပ်ပုံများအတွင်းမှ စာအုပ်တစ်အုပ်ကို စိတ်ဝင်စား၍ ကောက်ယူမြည်းစမ်းကြည့်မိသည်။ စာအုပ်က မိုးဂျာနယ်ပါ ဆောင်းပါးများကို ပြန်လည်စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ မောင်စူးစမ်း၊ ကျော်ဝင်း၊ ဒဂုန်တာရာ၊ လူထုစိန်ဝင်း၊ ဒေါက်တာသန်းထွန်း စသည့် နာမည်ကျော်စာရေးဆရာကြီးများ၏ နိုင်ငံတကာနှင့် စာပေယဉ်ကျေးမှုအနုပညာ၊ နိုင်ငံတကာလူမှုစီးပွား၊ လူမှုဗေဒ၊ ဓမ္မနှင့် ပညာ၊ သုတေသနဆိုင်ရာ ဆောင်းပါးများပါရှိသည်။

ဆရာစိုးရိမ်၏ **"ဆူနာမီနှင့် ချစ်သောကမ္ဘာ"** အက်ဆေးဆောင်းပါးတွင် **"ကျွန်တော်တို့က ဇက်ကြိုးတပ်ခိုင်းစေနိုင်ပြီဟု မော်ကြွားလေ့ရှိသော သဘာဝတရားက လက်မကလေးထောင်၊ ပခုံးလေးတွန့်ပြ၍ 'ဘယ့်နှယ်ရှိစ'ဟု ပြုံးခနဲလုပ်ပြသည်မျိုး ကြုံဖူးကြမည်ထင်ပါသည်။**

**လူသားတို့အတွက် ဝမ်းစာရှာရာဖြစ်သော၊ သဘာဝလမ်းမကြီးဟုလည်း ဆိုနိုင်သော၊ စိတ်ကြည်နူးရင်ခုန်ဖွယ်ရာများကိုလည်း ဖန်တီးပေးသော သမုဒ္ဒရာထက်မှ လှိုင်းဘီလူးကြီး ခုန်ထွက်လာရာ၊ ချစ်လှစွာသော အနီသမုဒ္ဒရာကြီးသည်ပင် အကြင်နာကင်းသော လူသတ်ကောင်ကြီး ဖြစ်သွားရတော့သည်။ စုမတ္တရာမှ ဆိုမာလီယာအထိ လူ့အသက်ပေါင်းများစွာမှာ လျှပ်တစ်ပြက်အတွင်းမှာပင် ပျောက်ချင်းမလှ ပျောက်ကွယ်သွားရတော့သည်။ လူ့အသက်၏ အထိမခံ ရွှေပန်းကန်သဘောကို အချိန်တိုအတွင်း ပညာပေးလိုက်သော မဟာကပ်ဘေးကြီး တစ်ခုဖြစ်ပါသည်"** စသည်ဖြင့် ဖတ်ရတော့ ၂၀၀၄ ခုနှစ်က ဖြစ်ပွားခဲ့သော အာရှဆူနာမီ သဘာဝအန္တရာယ်ကပ်ဘေးဆိုးကြီးကို ပြန်ပြောင်းအမှတ်ရမိသလို မျက်မှောက်ကာလတွင်လည်း ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ မကြာခဏဖြစ်ပွားလာသော သဘာဝကပ်ဘေးကြီးများအပေါ် သတိပြုဆင်ခြင်စရာဖြစ်ရသည်။

ဆရာကြီး ဒဂုန်တာရာက **"ဇော်ဂျီမင်းသုဝဏ် ဋ္ဌေးမြိုင်"**ဟူသော ခေါင်းစဉ်ဖြင့်ရေးဖွဲ့သည့် စာပေဆိုင်ရာဆောင်းပါးတွင်မူ **"၁၉၃၀ ဝန်းကျင်ကာလက တက္ကသိုလ်ပရိဝုဏ်တွင် ခေတ်စမ်းစာပေ စတင်မွေးဖွားလှုပ်ရှားသောကာလ။ စာပေသစ်ကတော့ ၁၉၄၉-၅၀ ပတ်ဝန်းကျင် စာပေသဘောတရားများ ငြင်းခုံနေသောကာလ။ ကမ္ဘာတစ်ဝန်းတွင်လည်း စစ်အေးစတင်သောအချိန်၊ ဆရာတို့သည် နိုင်ငံရေးသဘောများပါသော ရိုက်ခတ်မှုကို စာရေးဆရာအသင်းတွင် တွေ့ကြုံခံစားရသောအခါ စိတ်ပျက်သွားကာ နောင်တွင် စာရေးဆရာအသင်း အစည်းအဝေးများသို့ မတက်တော့။ ကျွန်တော်ကတော့ နားလည်သည်။**

၂၀ ရာစု၏အစသည် မြန်မာခေတ်ပေါ်စာပေ၏ အစပင်ဖြစ်သည်ဟု ကျွန်တော်အကဲဖြတ်သည်။ ခေတ်စမ်းစာပေသည် ခေတ်ပေါ်စာပေ၏ ကဏ္ဍများရှိသည့်အနက် တစ်ကဏ္ဍဖြစ်သည်။ သူ့ကဏ္ဍနှင့်သူ။ ကျွန်တော်တို့ သမိုင်းခေတ်များကို ဖြတ်သန်းလာကြရသည်။ ဖြတ်သန်းသည့်အရွယ်၊ အခြေအနေ၊ ယဉ်ကျေးမှုနောက်ခံကား စသည်တို့ကတော့ တူချင်မှ တူမည်။ သူတို့သည် မိမိဖြတ်သန်းလျက်ရှိသော သမိုင်းခေတ်ခံစားမှုကို သူတို့၏ စာပေ၊ ကဗျာ၊ စကားပြေတို့ဖြင့် တုံ့ပြန်ကြစမြဲ။

သူတို့နှစ်ဦး၏ အဖွဲ့အနွဲ့ကတော့ တစ်ဦးနှင့်တစ်ဦးမတူ။ ဆရာ 'ဝဏ်'က ချိုသာပြေပြစ်သော ကာရန်စနစ်ဖြင့် ဖွဲ့တတ်သူ၊ ဆရာဇော်ဂျီက ဝတ္ထုရှည်ကဲ့သို့ ဘဝကိုအတွေးဆန်ဆန် ဒဿနဟန်ဖြင့် ဖွဲ့သီသည်။

"ခေတ်ပေါ် စာပေရေစီးကြောင်းအတွက် ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် အခင်အမင်မပျက်ကြ။ စာပေအကြောင်းပြောရလျှင် မမောနိုင်၊ စာပေအချစ်နှင့် လူသားအချစ်တို့သည် ရောစပ်နေသည်မဟုတ်ပါလား။" စသည်ဖြင့် ရုပ်ပုံလွှာအဖွဲ့အနွဲ့ ရေးဟန်ကဲ့သို့ပင် တို့ထိခြယ်မှုန်းခဲ့ပါသည်။

စူပါတို့၏ နေဝင်ချိန်နှင့် နေထွက်ချိန်ဆောင်းပါးတွင် "၂၁ ရာစုအကြိုကာလက ပညာရှင်များနှင့် ပေါ်လစီမိတ်ကာများကြား အလေးထားလေ့လာကြရသော သမိုင်းကျမ်းကြီးတစ်စောင် ထွက်ခဲ့ဖူးသည်။ ယေး(လ်)တက္ကသိုလ်၊ သမိုင်းပါမောက္ခ 'ပေါ(လ်)ကင်နေဒီ' ပြုစုသော 'မဟာအင်အားကြီးနိုင်ငံများ၏ နေဝင်ချိန်နှင့် နေထွက်ချိန် (The Rise and Fall of the Great Powers)' အမည်ရှိ စာအုပ်အထူကြီးဖြစ်ပါသည်။

ကင်နေဒီ၏ သမိုင်းကျမ်းမှာ ၂၀၀၀ ပြည့်နှစ်ဖြစ်ရပ်များထိသာ အနားသတ်ထားသော်လည်း ၂၁ ရာစုနှင့်ပတ်သက်သော ကြိုတင်ခန့်မှန်းချက်များလည်း ပါသေးသည်။ သူ၏ မှန်းဆချက်များကို အနှစ်ချုပ်လိုက်လျှင် အခြေခံအားဖြင့် သုံးချက်ရှိသည်။ ဤသည်တို့မှာ-

(၁) ယနေ့အမေရိက၏ ကမ္ဘာလုံးဆိုင်ရာ စိတ်ဝင်စားမှုနှင့် တာဝန်ယူမှုများသည် ၎င်းစွမ်းဆောင်နိုင်သည်ထက် များပြားကြီးလေးလွန်းနေသည်။ သို့အတွက် ၂၁ ရာစုအဝင်တွင် အမေရိက၏ လွှမ်းမိုးကြီးစိုးမှုမှာ အကျဘက်သို့ ရောက်သွားလိမ့်မည်။

(၂) ဤသို့ဖြစ်ရသည်မှာ အမေရိက၏ စစ်ရေး၊ စီးပွားရေး အားနည်းလာသောကြောင့်မဟုတ်။ အခြားနိုင်ငံများက ပို၍ချမ်းသာပြီး ပို၍အားကြီးလာသောကြောင့်ဖြစ်သည်။ ဤနိုင်ငံများမှာ တရုတ်၊ ဂျပန်နှင့် ဥရောပသမဂ္ဂတို့ ဖြစ်လိမ့်မည်။

(၃) ဆိုဗီယက်ယူနီယံတွင်မူ အတော်ကြီးကျယ်သော (အဆင်မသင့်လျှင် အဆုံးတိုင်ပြိုကွဲ၍ပင်သွားနိုင်သော) အကျပ်အတည်းကြီးတစ်ခုနှင့် ရင်ဆိုင်တိုးလိမ့်မည်။

တတိယဟောစာတမ်းမှာ ၂၁ ရာစုမရောက်မီကပင် ကွက်တိမှန်သွားခဲ့သည်။ ၂၁ ရာစုရောက်ပြီး လေးနှစ်ကျော် ငါးနှစ်အရောက်တွင် ကျန်နှစ်ခုမှာလည်း မှန်နိုင်လောက်သည့် အရိပ်အယောင်တွေ အပီအပြင်ပြလာသည်" စသည်ဖြင့် သုံးသပ်ဖော်ပြထားသည်။

ဆရာလင်းထက်ဇော်၏ **"ပါဝါအပျော့"** ဆောင်းပါးတွင်လည်း အကြမ်းဖက်ဝါဒနှင့်ပတ်သက်၍ "ခေတ်ပြိုင်သမိုင်းဆရာတစ်ဦးဖြစ်သူ 'ဝေါလ်တာ၊ လက်ကာ'က ခေတ်သစ် အကြမ်းဖက်ဝါဒနှင့်ပတ်သက်ပြီး ဤသို့ သုံးသပ်ဖော်ပြပါသည်။ 'ခေတ်သစ်အကြမ်းဖက်ဝါဒမှာ အစဉ်အလာ အကြမ်းဖက်ဝါဒနှင့် သဘောသဘာဝ မတူတော့ပါ။ အစဉ်အလာ အကြမ်းဖက်ဝါဒတွင် လက်ဝဲဂိုဏ်း၊ လက်ယာဂိုဏ်း စသော အိုင်ဒီအိုလိုဂျီအစွဲနှင့် လှုပ်ရှားသူများရှိသလို အစွန်းရောက် အမျိုးသားရေးဝါဒကို အခြေခံသော ခွဲထွက်ရေးဝါဒီများလည်း ရှိသည်။ နိုင်ငံရေးရည်မှန်းချက်တစ်ခုခုအတွက် အကြမ်းဖက်လှုပ်ရှားကြသည်ဟု ဆိုနိုင်သည်။ ခေတ်သစ်အကြမ်းဖက်ဝါဒမှာ အစွန်းရောက်ဘာသာရေး၊ လူမျိုးရေးတို့ကို အခြေခံသည်ဖြစ်ရာ မျိုးဖြုတ်စစ်ပွဲများ၊ ဘာသာရေးစစ်ပွဲများအသွင် ဆောင်လာသည်။

စာမျက်နှာ ၁၉ သို့ ❂

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ MSME ထုတ်ကုန် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် ကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၁၁**

သီတင်းကျွတ်ကာလတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ MSME ထုတ်ကုန်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ပြုလုပ်သည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်များကို အားပေးမြှင့်တင်ရန်၊ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊ MSME ထုတ်ကုန်ဈေးရောင်းပွဲတွင် အဓိက ထုတ်ကုန်များအပါအဝင် အခြားသောထုတ်ကုန် အမည်အမျိုးမျိုးကို ပါဝင်ပူးပေါင်း ရောင်းချခြင်းဖြင့် မိမိတို့ထုတ်ကုန်များကို အချင်းချင်း ပညာရပ်ဆိုင်ရာ ဖလှယ်နိုင်ခြင်း၊ ပြည်သူများ ပြည်တွင်းဖြစ်ကို ပိုမိုဝယ်ယူ အားပေးလာနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ လုပ်ငန်းသဘောသဘာဝနှင့် အနာဂတ်အတွက် ရည်ရွယ်ထားသော လုပ်ငန်းများအတွက် အကြံဉာဏ် အတွေးအခေါ်ကောင်းများရရှိစေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ ဈေးရောင်းပွဲတော်များ၊ စက်မှုထုတ်ကုန်များကို ရောင်းချခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ဈေးရောင်းပွဲတော်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဌာနမှူး ဦးတင်မောင်ကြည်က ဈေးရောင်းပွဲတော်ကျင်းပနိုင်ရေး ဆိုင်ခန်းများ နေရာချထားနေမှုနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကဏ္ဍများအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ် ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် အစားအစာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများအပါအဝင် ဈေးဆိုင်ခန်းပေါင်း ၄၂၀ ခန့် ရောင်းချပေးသွားမည်ဖြစ်သည်။ ပွဲတော်ရက်များအတွင်း အလှူရှင်များ၏ နေ့စဉ်စတုဒိသာကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ ကားများ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာခြောက်ရွာတွင် နို့စားနွားကောင်ရေ ၉၂ ကောင် မွေးမြူထားရှိ

**မိတ္ထီလာ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာ ခြောက်ရွာတွင် နို့စားနွားကောင်ရေ ၉၂ ကောင် မွေးမြူထားကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် စိုက်ပျိုးမွေးမြူရေးထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဒေသထွက်ကုန်အပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၃၀၀၊ စုစုပေါင်း ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၈၀၀ ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ခြောက်ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နို့စားနွားမွေးမြူခြင်းကို မြစ်မိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဥယျာဉ်၊ မကျီးပင်ပု၊ အုတ်ကျင်း၊ ကန်သာအေးကျေးရွာနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းဖြင့် ပေါက်ပင်သာ၊ မုန်ပင်ဆည်ကျေးရွာ စုစုပေါင်း ခြောက်ရွာတို့မှ သက်မွေးအစုအဖွဲ့ ၂၄ ဖွဲ့တို့တွင် နို့စားနွားကောင်ရေ ၉၂ ကောင် မွေးမြူထားသည်။ နို့စားနွားမွေးမြူရာတွင်လည်း ဒေသစပ်မျိုးနှင့် နိုင်ငံခြားမျိုး (ဂျာစီ ဖရီရှန်)နွားမျိုးများကို မွေးမြူထားကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့်မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

❂ စာမျက်နှာ ၁၈ မှ

ပို၍ရက်စက်ကြမ်းကြုတ်ရုံမက ဆင်ခြင်တုံတရားနှင့်လည်း ပို၍ဝေးလာသည်။

အကယ်၍ အကြမ်းဖက်ဝါဒသာ ယခုထက်ပိုအရှိန်ရလာလျှင် လက်ရှိမြို့ပြယဉ်ကျေးမှုကိုပင် ထိခိုက်လာနိုင်စရာရှိသည်။ ယနေ့ခေတ်ပြိုင် ကမ္ဘာကြီးမှာ မြို့ကြီးများကိုဗဟိုပြု၍ လည်ပတ်နေရသည် ဟူ၍ပင် ဆိုနိုင်ပါသည်။ နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့မှာ မြို့ပြတွင်သာ အခြေစိုက်သည်က များသည်။ အကြမ်းဖက်ဝါဒအန္တရာယ်က ပါရီလက်ဝဲဘက်ကမ်း၊ လန်ဒန်မြို့လယ်ကောင်၊ မက်ဟန်တန်အောက်ပိုင်းတို့လို နေရာမျိုးထိ ခြိမ်းခြောက်စိန်ခေါ်လာရာ မြို့ကြီးများကိုယ်တိုင်သည်ပင် လုံခြုံမှုအကင်းမဲ့ဆုံးနေရာလို ဖြစ်လာရတော့သည်။ သို့နှင့်အမျှ မြို့ပြဗဟိုပြုယဉ်ကျေးမှု အနာဂတ်ကိုပင် စိုးရိမ်မကင်းဖြစ်လာရတော့သည်” စသည်ဖြင့် သုံးသပ်ဖော်ပြထားသည်။

စာရေးဆရာကြီးများ၏ စာပေလက်ရာများကား တန်ဖိုးဖြတ်၍ မရနိုင်ပါပေ။ စာအုပ်တန်ဖိုးမှာလည်း ယနေ့ခေတ် လက်ဖက်ရည်တစ်ခွက်ဖိုး၊ ဂျာနယ်တစ်စောင်တန်ဖိုးမျှသာ ဖြစ်သည်။ သို့သော် စာဖတ်သူများအဖို့ ဗဟုသုတနှင့် အတွေးအမြင်များစွာကို တစ်ထိုင်တည်းရရှိနိုင်ပေသည်။ ယနေ့ခေတ်ပြိုင်ကမ္ဘာကြီးအတွင်း ကမ္ဘာနှင့် ရင်ပေါင်တန်းလျှောက်လှမ်းလိုပါလျှင် ရေတွင်းထဲက ဖားသူငယ်များလို လုပ်၍မရဘဲ ကမ္ဘာကြည့်ကြည့်မြင်တတ်ဖို့လိုပါသည်။ ကမ္ဘာကြည့်ကြည့်မြင်နိုင်ဖို့ စာပေဖတ်ရှုလေ့လာကြရပါမည်။ စာပေဖတ်ရှုလေ့လာပါမှလည်း “ရှေ့တစ်ခေါ် နောက်တစ်လံ” ဟူသည့်အတိုင်း ရှေ့အနာဂတ်ကို တစ်မျှော်တစ်ခေါ် မြော်တွေးကြည့်မြင်နိုင်မှာဖြစ်သလို ပြီးခဲ့သည့် အတိတ်နောက်ကြောင်းကိုလည်း သင်ခန်းစာအဖြစ် ရယူဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့သူ မြန်မာနိုင်ငံသား ဦးသန့်ကလည်း **“စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သော လူမျိုးသည် စာဖတ်ကြလေသည်”**ဟု မိန့်ဆိုခဲ့ပါသည်။

ဆရာကြီး လူထုဦးလှကလည်း **“စာဖတ်တဲ့အလေ့အထ”**ဆောင်းပါးတွင် ရာဖ်ဝေါဒါ အီမာဆင်၏ **“ကိုယ့်မှာပြင်စရာရှိတာပြင်ဖို့ စာအုပ်ကိုဖတ်ပါ။ သိဖို့မဖတ်ပါနဲ့”**၊အားနက်စ်ဝုဒ်ခ်၏ **“ပထမစဉ်းစားပါ။ နောက်မှဖတ်ပါ”**ဟူသည့် အဆိုအမိန့်များနှင့်အတူ **ရှေးဦးဆုံးကတော့ စာဖတ်တဲ့အလေ့အထ စွဲစွဲမြဲမြဲရှိလာအောင်လုပ်ဖို့ပဲ။ စာဖတ်တာဟာ ထမင်းစားတာလိုပဲ ကိုယ့်အတွက်အရေးကြီးတယ်လို့ သဘောပေါက်ရမယ်ပေ့ါ** စသည်ဖြင့် ရေးသားခဲ့ပါသည်။

ဆရာကြီးမြသန်းတင့်ကမူ **“စကားကြီး စကားကျယ်ပြောရန်နှင့် ဆွေးနွေးရန်အတွက် စာဖတ်ခြင်းမပြုပါနှင့်။ နှိုင်းချိန်ရန်နှင့် တွေးတောရန်အတွက်သာ စာဖတ်ခြင်းပြုပါလေ”**ဟု မိန့်ဆိုခဲ့ပါသည်။

သို့ဆိုလျှင် မျိုးဆက်သစ်လူငယ်များအနေဖြင့် အသိပညာဗဟုသုတနှင့် နှိုင်းချိန်တွေးခေါ်မြော်မြင်မှု မြင့်မားလာစေရေးအတွက် ငယ်စဉ်ကတည်းက စာဖတ်သည့်အလေ့အထ စွဲစွဲမြဲမြဲရှိလာစေရန် လိုအပ်ပါသည်။

လက်ရှိကာလတွင် နိုင်ငံတော်အစိုးရကလည်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုထိုသော စာကြည့်တိုက်များအပြင် ခေတ်ပြိုင်စာပေများ၊ ခေတ်ဟောင်းစာပေများ၊ ဘာသာရပ်ဆိုင်ရာ စာပေများနှင့် ရှားပါးစာအုပ်စာပေများ စုံလင်လှသည့် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ စာအုပ်အဟောင်းဆိုင်တန်းများကလည်း စာပေဝါသနာရှင်လူငယ်များ၊ စာဖတ်ပရိသတ်များကို ငံ့လင့်ကြိုဆိုလျက်ရှိသည်။

မကြာမီ ပွင့်လင်းရာသီ ရောက်တော့မည်။ ခြေခင်းလက်ခင်းသာယာသည့် ညနေခင်းမှာ စာအုပ်မျိုးစုံ မြည်းစမ်းဖတ်ရှုရင်း ကြိုက်နှစ်သက်ရာ ဝယ်ယူဖတ်ရှုနိုင်ဖို့ ပန်းဆိုးတန်း စာအုပ်အဟောင်းဆိုင်များဘက်ဆီသို့ တစ်ခါတစ်ခေါက် သွားကြရအောင်။ ။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ မြဝတီရပ်ကွက်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများ ကြည့်ရှုအားပေး



**မုံရွာ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြဝတီရပ်ကွက်အတွင်းရှိ နေအိမ်များ၌ နေထိုင်ကြသည့် ပြည်သူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

**ညှိနှိုင်းစည်းဝေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၂၄) သို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းအောင်က တိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုများနှင့် ကောက်ယူပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များအတွင်း သန်းခေါင်စာရင်း ကောက်ယူနေမှုလုပ်ငန်းများ၌ ဌာနများအလိုက် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ခရိုင်အတွင်းရှိ မြို့နယ်များ၌ သန်းခေါင်စာရင်းကောက်ယူနေမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ စတင်ကောက်ယူ



**ပခုက္ကူ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်များသည် ယမန်နေ့က စတင်ပြီး မြို့ပေါ်ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်းကောက်ယူကြသည်။

ထိုသို့ကောက်ယူရာတွင် နယ်မြေခံတပ်မှ တပ်မမှူး ဗိုလ်မှူးကြီးဇော်မင်းထက်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပခုက္ကူမြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ပေါင်း ၁၇ ဖွဲ့ဖြင့် ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ကြံ့ခင်းမြို့နယ်၌ အိမ်ထောင်စု ၂၁၃၆၁ စု သန်းခေါင်စာရင်းကောက်ယူပြီးစီး



**ကြံ့ခင်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်း ဒေသကြီး ကြံ့ခင်းမြို့ ရွှေတောင်စုရပ်ကွက်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့များက ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

အဆိုပါ သန်းခေါင်စာရင်း ကောက်ယူနေမှုများကို မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ဦးဇော်မင်း၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်မေလီခမျိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်တို့က ကွင်းဆင်း ကြည့်ရှုအားပေးကြကာ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့တို့က ပူးပေါင်း၍ အဆင်ပြေချောမွေ့စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကြံ့ခင်းမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၃၀ ရှိ ကျေးရွာပေါင်း ၂၅၁ ရွာ၌ ကောက်ကွက်ပေါင်း ၂၇၆ ကွက်တွင် စာရင်းစစ်၊ စာရင်းကောက် ၁၁၀ ဖြင့် အောက်တိုဘာ ၁ ရက်မှ စတင် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်အထိ ကောက်ကွက် ၂၂၉ ကွက်တွင် အိမ်ထောင်စု ၂၁၃၆၁ စု ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



# ရှားငံမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများ ကွင်းဆင်းကြည့်ရှု

**ရှားငံ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားငံမြို့နယ်အတွင်း လူဦးရေနှင့် အိမ်ကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ယနေ့နံနက် ၇ နာရီက ဆက်လက်ကောက်ယူလျက်ရှိသည်။

ရှားငံမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ကောက်ယူလျက်ရှိရာ ယနေ့တွင် ဈေးတန်း၊ ရွာမ၊ မြို့ကုန်းမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများသို့ သန်းခေါင်စာရင်းကောက်ယူနေမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဟားခါးမြို့၌ သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး



**ဟားခါး အောက်တိုဘာ ၁၁**

ချင်းပြည်နယ် ဟားခါးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဆက်လက်ကောက်ယူနေမှုကို ယနေ့တွင် ပြည်နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုနှင့် ပြည်နယ်သန်းခေါင်စာရင်းကော်မတီဝင်များက ကြည့်ရှုအားပေးကြသည်။

**တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိ**

ဟားခါးမြို့၌ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှစ၍ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ပြည်နယ်၊ ခရိုင်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာကောက်ကွက်များအလိုက် တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိသည်။

ဟားခါးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ရပ်ကွက်လေးရပ်ကွက်မှ ကောက်ကွက်ပေါင်း ၄၁ ကွက်၌ ကောက်ယူလျက်ရှိကြောင်း သိရသည်။

**ကိုဆလိုင်း**

# မြိတ်မြို့ မော်တောင်ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မော်တောင်ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ရောဂါရှာဖွေစမ်းသပ်**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ဖ၄ ပါးတို့အား အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။




ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ မော်တောင်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၂ - ၁၀ - ၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆) ၊ အမှတ် (၄၁) တွင် သီတင်းကျွတ် ကျောင်းပိတ်ရက်တွင် သူငယ်ချင်းများနှင့်အတူ ဆရာမိဘများကို ကန်တော့ကာ မီးထွန်းပွဲတော်ကို ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲခဲ့ကြသည့် အောင်ဘုတို့ သူငယ်ချင်းများအကြောင်းကို ရေးဖွဲ့ထားသည့် "ပျော်ရွှင်ဆင်နွှဲ သီတင်းကျွတ်မီးထွန်းပွဲ" မျက်နှာဖုံးကာတွန်း၊ လူသားများနှင့် အကျွမ်းတဝင်နေထိုင်တတ်သော ခွေးများမှတစ်ဆင့် လူတို့ထံ ကူးစက်တတ်သော ခွေးရူးရောဂါအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "ခွေးရူးရောဂါအန္တရာယ် ကာကွယ်ကြပါစို့" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ တစ်အိမ်တည်းနေကြောင် အချင်းချင်း ရန်မဖြစ်ကြဘဲ သင့်သင့်မြတ်မြတ် နေထိုင်ကြမည်ဟု ကတိပေးထားသော်လည်း အစာကိုမြင်၍ အချင်းချင်း ရန်စောင်မိကြပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ကတိသစ္စာ" နှစ်မျက်နှာကာတွန်း၊ လူကြီးမိဘများ ပြောကြားသော စကားနှင့် မိမိကြားသိရသော အကြောင်းအရာများကို စိတ်ပါလက်ပါ နာယူမှတ်သား ဆောင်ရွက်သဖြင့် ဆုအကြိမ်ကြိမ်ရရှိခဲ့သော ပြည့်စုံသာအကြောင်းကို ရေးဖွဲ့ထားသည့် "နာယူမှတ်သား ဘယ်ခါမမှား" ဝတ္ထုကြကဏ္ဍ၊ မိမိ၏ ဆွေမျိုးများ ဒုက္ခရောက်နေသည်ကို ဖြတ်ထိုးဉာဏ်သုံးကာ ကယ်ဆယ်ပေးခဲ့သည့် မျောက်အကြောင်းကို ရေးဖွဲ့ထားသည့် "မိမိအမျိုးကို ချစ်သူ" ပုံပြင်ကဏ္ဍ၊ စင်ရော်ငှက်နှင့် ဇီးကွက်တို့မှာ ကုန်ပစ္စည်းများ ကုန်သွယ်ကြရာမှ သဘော်မှောက်ကာ ၎င်းတို့၏ နေထိုင်မှုပုံစံများ ပြောင်းလဲသွားရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "စင်ရော်ငှက်နှင့် ဇီးကွက်" နှစ်မျက်နှာကာတွန်း၊ သားကောင်ကြီးရှိမည်အထင်နှင့် ကျောက်ဂူအဝကို မီးရှို့ရာမှ ကျောက်ဂူပေါက်ကွဲသွားမှုကြောင့် ကြောက်လန့်တကြားပြေးခဲ့ရသော ဖိုးချွန်နှင့် ဝိတ်ပေါတို့ နှစ်ယောက်အကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးချွန်း၊ ဝိတ်ပေါနှင့် သူပြေးကိုယ်ပြေး" နှစ်မျက်နှာ ကာတွန်း၊ အင်္ဂလိပ်စကား အသုံးအနှုန်းတွင် ထူးခြားအဓိပ္ပာယ်၊ သီးခြားအဓိပ္ပာယ် ထွက်သည့် စကားလုံးအချို့အကြောင်းကို ရေးဖွဲ့ထားသည့် "Useful Everyday Idioms" အင်္ဂလိပ်စာကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




○ ပြင်သစ်အသင်းမှ

အစ္စရေး-ဂါဇာစစ်ပွဲကြောင့် အဲဒီပွဲစဉ်ကို ဟန်ဂေရီမှာ ကစားခဲ့ရတာဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ တိုက်စစ်မှူး အမ်ဘတ်ပီ ဒဏ်ရာရရှိနေချိန် ဂရစ်ဇ်မန်း နိုင်ငံအသင်းကနေ အနားယူသွားပြီးနောက် ပထမဆုံးပွဲစဉ်ဖြစ်ပေမယ့် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့တာဖြစ်ပါတယ်။

နော်ဝေအသင်းကတော့ ဆလိုဗေးနီးယားအသင်းကိုဟာလန်းရဲ့သွင်းဂိုးနှစ်ဂိုး၊ ဆော်လော့သ်ရဲ့သွင်းဂိုး တစ်ဂိုးတို့နဲ့ သုံးဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့လို့ တိုက်စစ်မှူး ဟာလန်းဟာ နိုင်ငံအသင်းနဲ့အတူ သွင်းဂိုး ၃၄ ဂိုးရှိလာခဲ့ပြီဖြစ်ပါတယ်။

အင်္ဂလန်အသင်းနဲ့ ဂရိအသင်းတို့ပွဲစဉ်မှာ ဂရိအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဂရိအသင်းကိုရှုံးနိမ့်ခဲ့တာကြောင့် အင်္ဂလန်နည်းပြ ကာစလေရဲ့ ရာနှုန်းပြည့်နိုင်ပွဲစံချိန် ရပ်တန့်ခဲ့ရပြီ ဖြစ်ပါတယ်။

အောက်တိုဘာ ၁၁ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေထဲက အကောင်းဆုံးပွဲစဉ်ဖြစ်တဲ့ အီတလီနဲ့ ဘယ်လ်ဂျီယံတို့ပွဲစဉ်မှာ အကြိတ်အနယ်ရှိခဲ့ပေမယ့် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အိမ်ရှင် အီတလီဟာ နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နေချိန် မိနစ် ၄၀ မှာ လော်ရန်ဇိုပယ်လီဂရီနီ အနီကတ်ပြထုတ်ပယ်ခံခဲ့ရလို့ ချေပဂိုးနှစ်ဂိုးပြန်လည်ပေးလိုက်ရတာကြောင့် နိုင်ပွဲနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

အခြားပွဲစဉ်တွေမှာ ဂျီဘရော်တာက ဆန်မာရီနိုကို တစ်ဂိုး-ဂိုးမရှိ၊ မော်ဒိုဗာက အန်ဒိုရာကို နှစ်ဂိုး-ဂိုးမရှိ၊ အိုင်ယာလန်က ဖင်လန်ကို နှစ်ဂိုး-တစ်ဂိုး၊ ဩစတြီးယားက ကာဇက်စတန်ကို လေးဂိုး-ဂိုးမရှိ၊ မြောက်မက်ဆီဒိုးနီးယားက လက်ဗီးယားကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဖာရိုးကျွန်းစုနဲ့ အာမေးနီးယားတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် Bleaching Powder အရေအတွက် (200) Drums ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်သွင်းလွှာတင်ဒါပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | – Tender.11. Bleaching Powder (3rd) (2024–2025) အရေအတွက် (200) Drums |
| တင်ဒါစတင်သည့်ရက် | –၁၄ –၁၀–၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | –၂၈ –၁၀–၂၀၂၄ ရက်နေ့၊ မွန်းတည့် (၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"**

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဦးဖိုးသိန်းလမ်းသွယ်၊ အမှတ် (၇) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၀ ပေx ၆၀ ပေ)ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့အား (၂၂-၃-၂၀၂၀)ရက်စွဲပါ မြေကွက် အရောင်းအဝယ် နှစ်ဦးသဘောတူ ကတိစာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယုယခင်အောင် [၁၃/လလန(နိုင်)၀၇၁၃၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုးရွှေ [၈/စလန(နိုင်) ၁၈၆၂၃၃]မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၅၀၀၃၁၂၉၂**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဘ)ဦးမိုးကျော်သူ [၆/ထဝန (နိုင်) ၀၆၃၂၄၈]၏ သားဖြစ်သူ မောင်ကောင်းမင်းသူခန့်အား မောင်ကောင်းဆက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**"ကန့်ကွက်နိုင်ပါကြောင်း"**

ညောင်တုန်းမြို့၊ အမှတ်(၂) ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ အကွက်အမည်–တာဝတိံသာရပ်၊ ဦးပိုင်အမှတ်( ၅၁–က )၊ ဧရိယာ (၀.၀၅၇)ဧကရှိဘိုးဘပိုင်မြေအား ဒေါ်သီတာဝင်း မှ အမည်ပြောင်း လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်သီတာဝင်း**
**[၁၂/လသယ(နိုင်)၀၄၂၇၀၈]**
**၀၉ – ၂၅၄၈၂၉၁၁၂**

**အမည်မှန်**

မွန်ပြည်နယ်၊ မုဒုံမြို့၊ အ.ထ.က(၂)၊ Grade–8 မှ (ဘ) ဦးတင်ဇော်ဦး၏သား အမည်မှန်မှာ မောင်အောင်ဘုန်းပြည့် ဖြစ်ပါကြောင်း။

**မောင်အောင်ဘုန်းပြည့်**

**သွေးသည် အသက်**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄–အိပ်ချ်အိုင်)၊ မြေကွက်အမှတ်(၁၆၉)၊ ၀.၁၆ဧက၊ မြေကွက်တည်နေရာအမှတ်(၁၆၉)၊ စက်မှု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးရှမ်း[၉/မရတ(နိုင်)၀၄၄၄၂၂] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးရှမ်းနှင့် မိခင်ဒေါ်ခင်သန်းတို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏ တစ်ဦးတည်းသောသားဖြစ်သူ ဦးမြင့်ဌေး[၁၂/ကတတ(နိုင်)၀၁၆၀၀၆]မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နှစ်(၆၀)မြေငှားဂရန် မိဘများအိမ်ထောင်ကျပြီး တစ်ဦးတည်းသောသားဖြစ်သူ မိမိအား မွေးဖွားခဲ့ပါကြောင်းနှင့် မိမိမှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည်မှာ မှန်ကန်ပါကြောင်း ၁၁–၉–၂၀၂၄ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ မိခင်/ဖခင်တို့၏ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၏ သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/မြောက်၊ မြေကွက်အမှတ်–၁၉၈/ခ၊ ဧရိယာ (၂၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာအမှတ် (၁၉၈/ခ)၊ အောင်ဇေယျလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြင့်ဦး [၁၂/သကတ(နိုင်)၁၀၇၀၄၂] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြင့်ဦး [၁၂/သကတ(နိုင်)၁၀၇၀၄၂]၊ (ဖခင်)နှင့် ဒေါ်မြညွန့်(မိခင်)တို့ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်စန်းစန်းဦး [၁၂/သကတ(နိုင်)၁၀၈၆၈၁] မှ ကွယ်လွန်သူမိဘ(၂)ပါးတွင် မိမိတစ်ဦးတည်းကိုသာ မွေးဖွားခဲ့ပါကြောင်း၊ အခြားသောမွေးချင်းမောင်နှမလည်းမရှိပါကြောင်း၊ အခြားသော ကိတ္တိမသားသမီးများလည်းမရှိပါကြောင်း၊ ကွယ်လွန်သူမိဘနှစ်ပါးနှင့် မိမိသည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ ကျန်ရစ်သူမိမိတစ်ဦးတည်းကသာ အမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ခွင့်မည်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးမြင့်ဦး(ဖခင်)၏သေဆုံးမှုလက်မှတ်၊ ဒေါ်မြညွန့်(မိခင်)၏ သေဆုံးမှုလက်မှတ် ပထမမိတ္တူမှန်တို့ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ ပွဲရုံဆိုင်ခန်းအမှတ်(ပ-၁၂၀)၊ ဦးဝင်းစိုး၊ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/ဒဂန(နိုင်) ၀၁၁၈၁၂] အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"**မှာ ပျောက်ဆုံးသွားပါသဖြင့် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)**ထုတ်ယူခွင့်ပြုပါရန် **"ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်"(မူရင်း)** ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်**(မူရင်း)၊** နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များ တင်ပြပြီး **"ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်"(မိတ္တူမှန်)**လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးဝင်းစိုး အမည်ဖြင့်ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မူရင်း)**အား ပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ **"ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်" (မိတ္တူမှန်)** ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းခရိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၇၉၃)၊ လူနေရပ်ကွက်အမှတ်-ရန်ကုန်သစ်ရပ်ကွက်၊ အောင်သြဘာလမ်း၊ မြေကွက်အမှတ်-(၁၃/က)ဟုခေါ်တွင်သော မြေအကျယ် (၂၀x၆၀)ပေမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေနှင့်လျှပ်စစ်မီးပါသည့် ပျဉ်ထောင်သွပ်မိုး(၂)ထပ်အိမ်(၁)လုံး အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်မိတ်ဆွေ ဒေါ်ဖြူဖြူဝင်း [၁၀/မလမ(နိုင်)၁၈၇၀၀၂] ကိုင်ဆောင်သူမှ(၂၈-၄-၂၀၂၃)ရက်နေ့တွင် အရပ်ကတိ စာချုပ်ချုပ်ဆိုကာ အပြီးအပိုင် လွှဲပြောင်းဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါအိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ လက်ရှိထား ပိုင်ဆိုင်နေထိုင်စီမံခန့်ခွဲလျက်ရှိသော ကျွန်ုပ်မိတ်ဆွေမှ ၎င်း၏အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် လျှောက်ထားရယူရန် သက်ဆိုင်ရာရုံးဌာနအသီးသီး၌ လိုအပ်သောကိစ္စရပ်များ စတင်ဆောင်ရွက်တော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေထံသို့ လည်းကောင်း၊ သက်ဆိုင်ရာဌာနများသို့ လည်းကောင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ချိန်တွင် လာရောက်ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ ၎င်းအမည်ပေါက်နှစ်(၆၀)ဂရန်ရသည်အထိ ဥပဒေနှင့်အညီ စတင်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်ဖြူဖြူဝင်း | ဒေါ်ဝေမွန်သင်း(LL.B,C.B.L) |
| အမှတ်-(၁၃/က)၊အောင်သြဘာလမ်း၊ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၁၂) |
| ရန်ကုန်သစ်ရပ်ကွက်၊ | အမှတ်-(၄၄၈)၊ မင်္ဂလာလမ်း၊ |
| သင်္ဃန်းကျွန်းမြို့နယ်၊ | (၉)ရပ်ကွက်၊ လှိုင်သာယာ |
| ရန်ကုန်တိုင်းဒေသကြီး။ | (အနောက်ပိုင်း)မြို့နယ်၊ |
| ဖုန်း-၀၉-၇၉၇၇၁၅၄၆၈ | ရန်ကုန်တိုင်းဒေသကြီး။ |
| | ဖုန်း-၀၉ ၄၂၄၈၂၃၄၈၈ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၀၊ မြေကွက်အမှတ်-၃၅/ခ၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၅/ခ)၊ သောင်ကြီးလမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးကျော်မြင့် (ZLN-၀၆၅၄၁၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် - ဦးကျော်မြင့် (ZLN- ၀၆၅၄၁၀) ခင်ပွန်းဖြစ်သူသည် (၁-၉-၂၀၀၇)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်တင်မူ [၁၂/ရပသ(နိုင်)၀၀၅၁၆၅] မှ နှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ အဆိုပါမြေကွက်နှင့်ပတ်သက်သည့် နှစ်(၆၀)ဂရန်မူရင်းမှာ ၎င်းလက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ကျမ်းကျိန်လွှာအမှတ် - ၃၀၉၅/၂၃ (၂၉-၉-၂၃)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်မူမှသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ကျမ်းကျိန်လွှာ အမှတ်-၃၀၉၆/၂၃ (၂၉-၉-၂၃)၊ အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြလာပါသည်။ မြေစာရင်းမှတ်ချက်ရှိ (၂၀၀၇) ခုနှစ်တွင် ဒေါ်ဖြူလှဝင်း မှ ကန့်ကွက်စာတင်သွင်းထားခြင်းအား ဂရန် အမည်ပေါက် - ဦးကျော်မြင့်သည်(၁-၉-၂၀၀၇) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး၊ ထိုစဉ်ကတည်းက ဂရန်မူရင်း စာရွက်စာတမ်းများ ပျောက်ဆုံးနေခဲ့ပြီး မြေကွက်အမည်ပေါက် - ဦးကျော်မြင့်မှလည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်တင်မူမှလည်းကောင်း မည်သူတစ်ဦး တစ်ယောက်ကိုမျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ တစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်းမရှိပါ။ ယနေ့အချိန်ထိ ဒေါ်တင်မူနှင့်အတူ သား/သမီး မိသားစုဝင်များအားလုံးနှင့်အတူ မပြောင်းမရွှေ့ဘဲ လက်ရှိနေထိုင်လျက်ရှိပါသည်။ (၂၀၀၇)ခုနှစ်တွင် ကန့်ကွက်ထားသော ဒေါ်ဖြူလှဝင်းအား သိရှိခြင်းလည်းမရှိသလို ၎င်းနေထိုင်ရာ နေရပ်လိပ်စာအားလည်း သိရှိခြင်းမရှိပါ။ ဒေါ်ဖြူလှဝင်းအားလည်း ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးကမ်းခြင်းမရှိခဲ့သလို ယနေ့အချိန်အထိလည်း ယခုလက်ရှိနေထိုင်ရာ အိမ်ခြံမြေနှင့်ပတ်သက်၍လည်း အမှုအခင်းဖြစ်ပွားဖူးခြင်းမရှိပါကြောင်း အလုံခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် - ၄၉၇/၂၀၂၄(၁-၁-၂၀၂၄)ဖြင့် ဝန်ခံကတိပြု၍ ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈)၊ အင်ကြင်းလမ်းသွယ်(၂)၊ မြေကွက်အမှတ်(၁၀၇၀)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ခြံမြေကွက်မှာ ဒေါက်တာဒေါ်နုနုသာ [၁၂/ဗတထ(နိုင်)၀၁၄၇၃၈] အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး ယင်းခြံမြေ၏အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်ဥမ္မာဝင်း[၁၂/တတန(နိုင်)၁၆၇၉၂၆]မှ ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းမှလက်ဝယ်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်မှအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်နှင့်ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို၍ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းညွှန့်**
**[၁၂/မရက(နိုင်)၀၃၆၈၀၄]**
**အမှတ်(၅၃၉)၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း။**
**ဖုန်း-၀၉-၅၅၀၄၃၆၃၊ ၀၉-၇၅၅၇၆၆၉၀၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
## သထုံမြို့နယ်တရားရုံး
## ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇

ဦးစောဖိုးဖြူ နှင့် ၁။ ဒေါ်နွယ်နီလှိုင်(ခ)ဒေါ်အေးအေးမြင့်
(၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူဗိုလ်မှူးကြီးသူရသန်းအောင်၏ အမွေဆက်ခံသူ)
၂။ ဒေါ်အေမီဟိန်း
၃။ ဒေါ်ခင်မျိုးသန့်
၄။ ဒေါ်လှကြည်
၅။ ဦးနိုင်မျိုးဦး
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ တိုက်(၇၉-စီ) (သို့မဟုတ်) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးစံညွှန့်လမ်း၊ အမှတ်-(၁၅/ဘီ)နေ တရားပြိုင်အမှတ်(၁) ဒေါ်နွယ်နီလှိုင်(ခ) အေးအေးမြင့်(ဘ)ဦးဖေသန်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးစောဖိုးဖြူက "အရောင်းအဝယ်မှတ်ပုံစာချုပ်ရေးချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄-ခုနှစ်၊ အောက်တိုဘာလ(၂၅) ရက်၊ [၁၃၈၆ - ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၈)ရက်] မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင်အမှုမတိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၄ - ခုနှစ်၊ အောက်တိုဘာလ(၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေမာဦး)**
**မြို့နယ်တရားသူကြီး**
**သထုံမြို့နယ်တရားရုံး**

### အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနှင့် ဦးရွှေခံအောင်လမ်းထောင့်၊ မြေကွက်အမှတ်(၇၄၇)တွင် ၁ ခန်းတည်း (၆)ထပ်တိုက် (Pitch Roof) (လူနေခန်း ၆ခန်း) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၏ နှစ်(၆၀)မြေငှားဂရန်စာချုပ်နှင့် မြေနယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ(D/Map)တင်ပြ၍ မြေအမည်ပေါက် ဒေါ်စောညွန့်၏ အထူးကိုယ်စားလှယ်လွှဲစာ(SP)ရရှိသူ ဦးအောင်ကိုကိုမင်းမှ BP1-9993 ဖြင့် တင်ပြလျှောက်ထားလာရာတွင် မြေအမည်ပေါက်ဒေါ်စောညွန့်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/က-ရပ်ကွက်၊ ရတနာမဥ္ဇူလမ်း၊ အမှတ်(၁၇၁)၊ (မြေညီထပ်)၊ အကျယ်အဝန်း (၁၈'x ၆၀')ရှိ တိုက်ခန်းနှင့် ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချိုထွန်း[၁၂/သဃက(နိုင်)၀၄၄၇၁၉]မှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ညိုညိုသူဇာထွန်း [၉/မမန(နိုင်)၀၁၅၂၉၉]က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း
## (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပပြုလုပ်မည့်ရက် ပြောင်းလဲကြောင်း
## အသိပေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို (၁-၁၁-၂၀၂၄)ရက်နေ့အစား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက်နေ့သို့ ပြောင်းလဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက်နေ့၊ မွန်းလွဲ (၁:၀၀)နာရီ UMFCCI မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်မည့် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ အသင်းဝင်များအားလုံးမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ပြန်လည် အသိပေးဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃M)၊ မြေကွက်အမှတ်(III ၃၆)၊ ဧရိယာ(၀.၀၂၈)ဧကအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ(၁)လုံးအပါအဝင် ယင်းတို့နှင့် ဆက်စပ် ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ (ဘ) **ဦးဝမ်ချိန်**၏ သမီးများဖြစ်ကြသော **ဒေါ်ထိုက်ထိုက်လွင်[၁၂/လမတ(နိုင်)၀၃၁၅၅၅]**နှင့် **ဒေါ်ယုယုမော်[၁၂/လမတ(နိုင်)၀၃၄၆၄၈]၊** အမှတ်(၂၁)၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL) | ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစိုးရီ၏သမီး မခင်နန်းဝေ [၁၂/ဥကမ(နိုင်)၁၆၀၀၆၈] ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-43191015**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်လေး၏ သမီး မချယ်ရီလေး [၁၂/ပဘတ(နိုင်)၀၂၁၁၆၅]၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-976063400**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်အမှတ် (၆၄-၆၅)၊ အခန်းအမှတ် (၃၀၂)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်စန်းမြင့် [၁၂/ဗဟန(နိုင်)၀၆၈၂၄၀] ထံမှ စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးကျော်နိုင်ဦး [၈/ပခက(နိုင်)၁၇၄၉၂၆]က ဒေါ်ခင်စန်းမြင့် အမည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်း ကြားစာမူရင်းမှာ ပျောက်ဆုံးသွားကြောင်း အထောက်အထားများ တင်ပြ၍ ၎င်းအမည်ဖြင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ မြေကွက်အမှတ်(၁၅၃၄/က)၊ ဧရိယာ(၂၀ပေx ၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်(၁၅၃၄/က)၊ ထူပါရုံ(၁၆)လမ်းအရှေ့၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်အမာ (CF - ၀၃၂၃၉၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား မြေအမည်ပေါက် ဒေါ်အမာ(မိခင်၊ ယောက္ခမ၊ အဘွား)နှင့် ဦးဟန်စိန်(ဖခင်၊ ယောက္ခထီး၊ အဘိုး)တို့ကွယ်လွန် အမည်ပေါက်၏သားသမီး(၈)ဦးတွင်သား(၁)ဦးဖြစ်သူ ဦးဆန်းမြင့်သည် လူပျိုကြီးဘဝဖြင့်ကွယ်လွန်၊ သား(၁)ဦးဖြစ်သူ ဦးဆန်းတင့်ကွယ်လွန်၍ ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို ဇနီးဖြစ်သူ ဒေါ်ခင်ကြိုင် [၁၂/သကတ(နိုင်)၁၀၁၇၄၅]၊ သမီး(၁)ဦးဖြစ်သူ ဒေါ်သန်းမြင့်နှင့် ၎င်း၏ခင်ပွန်း ဦးစိန်မြင့် ကွယ်လွန်၍ ဒေါ်သန်းမြင့်၏ပိုင်ဆိုင်ခွင့်အစုကို သားသမီးများဖြစ်သော ဦးမြင့်သူ [၁၂/သကတ(နိုင်)၁၃၇၆၁၂]၊ ဦးအောင်သူ [၁၂/သကတ(နိုင်)၁၆၂၃၂၂]၊ ဦးဝင်းသူ [၁၂/သကတ(နိုင်)၁၆၂၃၂၄] တို့မှ အမည်ပေါက်၏ကျန်သားသမီး(၅)ဦးဖြစ်သူ ဦးကြိုင်ဝင်း [၁၂/သကတ(နိုင်)၀၄၆၅၅၆]၊ ဦးမင်းလွင်[၁၂/သကတ(နိုင်)၀၉၃၁၂၃]၊ ဒေါ်အေးအေးသန်း [၁၂/သကတ(နိုင်)၀၉၉၈၀၁]၊ ဦးမြင့်သိန်း [၁၂/သကတ(နိုင်)၀၉၉၁၇၄]၊ ဒေါ်မြမြဝေ [၁၂/သကတ(နိုင်)၀၉၃၃၄၂]တို့နှင့်ပူးတွဲ၍ ကွယ်လွန်သူမိဘ(၂)ပါးတွင်သားသမီး(၈)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အခြားသားသမီးအရင်းအချာ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ သားအကြီးဆုံးတစ်ဦးဖြစ်သူ ဦးဆန်းမြင့်သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပါကြောင်း၊ သားသမီးအရင်းအချာ တစ်ဦးတစ်ယောက်မျှမရှိသည့်အပြင် ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ ဦးဆန်းတင့်(ကွယ်လွန်)တွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ကြိုင် တစ်ဦးတည်းသာရှိပါကြောင်း၊ အခြားသော ဇနီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ သမီးတစ်ဦးဖြစ်သူ ဒေါ်သန်းမြင့် (ကွယ်လွန်)နှင့် ၎င်းခင်ပွန်းဖြစ်သူဦးစိန်မြင့်(ကွယ်လွန်)တို့တွင် သားသမီးအရင်းများအဖြစ် ဦးမြင့်သူ၊ ဦးအောင်သူ၊ ဦးဝင်းသူတို့(၃)ဦးတည်းကိုသာမွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အခြားသော သားသမီးအရင်းအချာ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ကွယ်လွန်သူများနှင့် ကျန်ရစ်သူမိမိတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြ၍ မြေအမည်ပေါက်ဖြစ်သူ (မိခင်၊ ယောက္ခမ၊ အဘွား) ကွယ်လွန်ပြီးနောက် အမွေကြောင်း သက်ဝင်သူများဖြစ်ကြသော မိမိတို့(၉)ဦးသည် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့ပိုင်ဆိုင်ခွင့်ရှိသည့် ပိုင်ဆိုင်ခွင့်အစုအသီးသီးအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊ မိမိတို့(၉)ဦးမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် အဆိုပါအမွေဆက်ခံပိုင်ဆိုင်သည့် ပစ္စည်းများသည် အရှုပ်အရှင်းတစ်စုံတစ်ရာကင်းရှင်းသည့် ပစ္စည်းများဖြစ်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ဒေါ်အမာ၊ ဦးဟန်စိန်၊ ဦးဆန်းမြင့်၊ ဦးဆန်းတင့်၊ ဒေါ်သန်းမြင့်၊ ဦးစိန်မြင့်တို့၏ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁၂၇၆)၊ ငုဝါလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ **ဦးစောရိုဘင်** (LSO-၀၇၇၃၄၉) အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀'x၆၀')ရှိ မြေကွက်အမှတ် (၁၂၇၅)နှင့် ကပ်လျက်ဘက်ခြမ်း (ခေါင်းရင်းဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးဇော်ထူးအောင်** [၁၂/ဒဂဆ(နိုင်) ၁၉၉၈၁၉]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးနေဇော်မင်း** [၁၂/ဒလန(နိုင်) ၀၄၆၂၈၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဇော်မင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မွန်မွန်ချို (LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ လူနေရပ်ကွက်အမှတ် (၂၅)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်–(၄၉၀)၊ ဧရိယာ–(၀.၀၅၆)ဧက၊(အလျား ၄၀ ပေ၊ ၆လက်မ x အနံ ၆၀ ပေ)၊ (၂၄၆၀) စတုရန်းပေ အကျယ်အဝန်းရှိသော ဒေါ်မြတ်မြတ်မွန် [၁၂/ဗတထ(နိုင်)၀၁၉၇၃၁] တစ်ဦးတည်း အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် မြေကွက်၏ခေါင်းရင်းခြမ်းရှိ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိသော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့် [၈/ပခက(နိုင်) ၂၂၉၈၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲရင့်မျိုးဆက် [၅/မရန(နိုင်) ၂၂၉၃၃၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငုဝါထွန်း (LL.B,M.B.L, D.B.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၀၃၀/၁၃)**
**အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၄၃၀၂၃၁၃၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ကွက်သစ်(၂)လမ်း၊ တိုက်အမှတ်(၂၁၆/က) နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(အေ)၊ အကျယ်အဝန်း အလျား ၁၈ ပေx အနံ ၆၂ ပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် တွယ်ကပ်ထပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးချစ်ကိုမောင် [၁၂/တကန(နိုင်) ၁၄၈၉၀၈] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး ၎င်း၏ကိုယ်စား ဒေါ်မြမြသန်း [၁၂/အစန(နိုင်) ၀၁၁၅၀၂]က ရောင်းချပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးလှမျိုး [၁၂/ကမရ(နိုင်) ၀၀၆၃၇၆] ကိုင်ဆောင်သူမှ ရောင်းချသည့်တန်းဖိုးဖြင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်သတ္တ (၃)ပတ် (၂၁)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမျိုး [၁၂/ကမရ(နိုင်)၀၀၆၃၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၈၉၈/၄–၁၂–၁၉၈၄)**
**တိုက်(၉/၁၁)၊ အခန်း(၁၀၃)၊ ပ–ထပ်(စီ)၊ ၃၆လမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၂၅၀၀၂၂၈၉၂၊ ၀၉–၄၄၃၀၂၁၈၂၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၃၆

ထွန်းနေဝင်းသစ္စာကုမ္ပဏီလီမိတက် နှင့် ဦးမောင်မြင့်ရှိန်(ခ) ဦးအောင်မြင့်ရှိန်
(ကုမ္ပဏီ၏ကိုယ်စား ဦးသူရအောင်)
**(တရားလို)** — **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ လမ်း(၆၀)နှင့် (၂၂/A)ထောင့်၊ အမှတ်(၄၁၄/က)နေ တရားပြိုင် ဦးမောင်မြင့်ရှိန်(ခ)ဦးအောင်မြင့်ရှိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “**စက်၊ ယန္တရားဖိုးအတွက် ပေးသွင်းရန်ကျန်ငွေ ၅၈,၃၉၀,၀၈၀ိ/ကျပ်အပေါ် ဒီကရီရလိုမှု**” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၆ ရက်နေ့) မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သူဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေးလမ်းသွယ် (၁)လမ်း၊ အမှတ်(၅/ခ)တွင် ဆောက်လုပ်ထားသည့် (၅)လွှာ၊ စတုတ္ထထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သဥ္စာရတနာ [၁၂/လမန(နိုင်) ၁၅၀၂၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်သည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလှိုင်ထွဏ်း B.A(Law)LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၂၀၃၁)**
**အမှတ်(၂၄/B ဥယျာဉ်လမ်း)၊ ငါးထပ်ကြီးတောင်ပိုင်းရပ်ကွက်၊ ဗဟန်းမြို့နယ်။ Ph: 09-254445506, 09-448046036**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀) တိုးချဲ့၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၄၇)၏ မြေအကျယ်အဝန်း (၈၀x၆၇) ပေရှိ ဦးမြင့်အောင် [၁၂/ပဘတ(နိုင်) ၀၂၂၁၃၃] အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ခင်ဌေး [၁၂/ဗဟန(နိုင်) ၀၇၀၁၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** — **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)**
**(LL.B,D.I.L)** — **(LL.B, D.B.L, D.I.L,WIPO Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၁၉/ခ)၊ မြေဧရိယာ (၁၉ ပေ x ၇၀ ပေ) ဦးမောင်ဝင်း အမည်ပေါက် မြို့မြေနှင့် မြေပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်စာတမ်းများအရလက်ရှိနေထိုင်ပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံသည့် ဦးဝင်းအေး [၁၂/သလန(နိုင်) ၀၇၅၄၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဘိုလှ [၁၂/သလန(နိုင်) ၂၀၃၆၆၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မြင့် B.A,H.G.P,R.L** — **ဒေါ်ဇဉ်မင်းမင်း LL.B**
**WIPO(SWITZERLAND)** — **WIPO(SWITZERLAND)**
**(စဉ်–၄၉၅၀/၈၉) (တရားလွှတ်တော်ရှေ့နေများ) (စဉ်–၁၀၉၂၃/၁၆)**
**ဖုန်း–၀၉–၄၅၃၇၇၄၅၄၈** — **ဖုန်း–၀၉–၄၂၄၈၇၀၈၈၁**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## သာကေတမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၅၂

ဦးကျော်ကျော်သန်းထွန်း — နှင့် — ဦးအုန်းမောင်
**ဒီကရီအနိုင်ရသူ** — **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၁၀၉၃)၊ ပထမထပ်(ခေါင်းရင်း)နေ ဦးအုန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးကျော်ကျော်သန်းထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂ ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းအိအိထွေး)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်– ၃၁၀၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ မြေကွက်ကိုမျက်နှာမူ၍ကြည့်သော် (ညာခြမ်း) (အလျား ၂၀ပေx အနံ ၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ဖားရွှေကျော်လမ်း၊ အမှတ်– ၃၁၀ ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဦးကျော်ဝင်း (AB– ၀၁၈၁၄၃)** အမည်ပေါက်ကြောင်း၊ ရောင်းသူ **ဒေါ်အေးအေးမာ [၁၀/မလန(နိုင်) ၃၁၂၅၆၁]**မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဒေါ်လှလှဝင်း [၁၃/နမတ(နိုင်) ၀၄၁၉၈၀]၊ ဦးအန်အိုက် [၁၃/နမတ(နိုင်) ၀၇၇၉၅၅]**တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၄–စီမံကိန်း/၂၊ မြေကွက်အမှတ်(၇၉)၊ မြေကွက်တည်နေရာအမှတ် (၇၉)၊ သခင်ဖိုးလှကြီးလမ်း၊ ၁၄–စီမံကိန်း/၂ ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးကျော်ဒင် [၁၂/ဥကတ (နိုင်) ၁၀၇၄၂၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးကျော်ဒင်(ဖခင်)နှင့် ဒေါ်ခင်ထွေး(မိခင်)တို့ကွယ်လွန်သဖြင့် ဦးသိန်းတန် [၁၂/ဥကတ(နိုင်) ၁၀၆၂၂၁]မှ တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၅၅၉/၂၀၂၃ (၆–၁၂–၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၂၊ မြေကွက်အမှတ်– ၃၄၉/က+ခ၊ မြေကွက်တည်နေရာအမှတ်– ၃၄၉ (က+ခ)၊ ၂၂–ရပ်ကွက်၊ ဒဂုံတောင်၊ **ဦးစိုးထွန်း [၉/မကန(နိုင်)၀၇၃၈၂၈]** အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် **ဦးစိုးထွန်း [၉/မကန (နိုင်) ၀၇၃၈၂၈]**မှ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ မြေတိုင်းမြေကွက်ခွဲ လျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ရှိ (၂၀၁၄) ခုနှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ချေးမြေပုံ မြေရာဇဝင်မူရင်းမှာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါချေးငွေနှင့်ပတ်သက်၍ **Ryuji Finance Co.,Ltd.** သို့ ပေးဆပ်ရန်ရှိသော ချေးငွေများအား **(၁၄–၃–၂၀၂၄)** ရက်နေ့တွင် အပြေအကျေပေးဆပ်ပြီးကြောင်းနှင့် ကြွေးကျန်ကင်းရှင်းပြီးဖြစ်ကြောင်း၊ အဆိုပါမြေကွက်အား အခြားသူတစ်ပါးထံ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ပေးကမ်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်– **၇/၅၇၆/၂၀၂၄ (၉–၇–၂၀၂၄)**ဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာတစ်စောင်တင်ပြ၍ မြေတိုင်းမြေကွက်ခွဲ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည်– (၂၅/ အေးချမ်းဖြိုး)၊ ဦးပိုင်အမှတ်–(ဂ)၁၂၄ နှင့် (ဂ)၁၂၅၊ ဧရိယာ (၀.၀၅၅)ကေစီ၊ စုစုပေါင်း မြေဧရိယာ (၀.၁၁၀)ကေရှိ မြေသည် သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်– (၂၆၉/၁၉၉၈)အရ (၂၆–၆–၁၉၉၈)မှ (၂၅–၆–၂၀၂၈)ထိ ဒေါ်ကြည်စိုးအေး အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးထားသောမြေဖြစ်ပြီး ဦးစန်းအေးမှ အောင်လံမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်–(၄၁/၂၀၂၂)ဖြင့် ဦးပိုင်အမှတ်– (ဂ)၁၂၅၊ ဧရိယာ (၀.၀၅၅)ကေအားလည်းကောင်း၊ စာချုပ်အမှတ်–(၃၁/၂၀၂၄)ဖြင့် ဦးပိုင်အမှတ်–(ဂ)၁၂၄၊ ဧရိယာ (၀.၀၅၅)ကေအားလည်းကောင်း အိမ်ခြံမြေအား နှစ်ဦးသဘောတူ ရောင်းချဝယ်ယူသည့်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးစန်းအေးမှ ၎င်းအမည်ဖြင့် ဦးပိုင်ခွဲစိတ်အမည်ပြောင်း မြေငှားဂရန် ထုတ်ပေးနိုင်ပါရန် အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၅) ရက်အတွင်း ဤရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်– ၁၀၁၅ နေ ဦးစံဆွေထွန်း (ဘ) ဦးသိန်းအောင်၏သား [၉/မတရ(နိုင်) ၀၂၄၇၇၅] ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစံဆွေထွန်း [၉/မတရ(နိုင်) ၀၂၄၇၇၅] နှင့် ဒေါ်သဇင်မြင့် [၁၂/လမန(နိုင်) ၁၃၁၈၃၄] ကိုင်ဆောင်သူတို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါသဖြင့် “နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်”ကို ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်တရားရုံးတော်၊ တရားသူကြီးရှေ့မှောက်တွင် (တရားရုံးမှတ်ပုံတင်အမှတ်– ၄၆/၂၀၂၄)ဖြင့် ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို နှစ်ဦးသဘောတူလက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုနေ့ရက်မှစ၍ နောက်နောင်တွင် ဒေါ်သဇင်မြင့်နှင့်ပတ်သက်သမျှသောကိစ္စအဝဝသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစံဆွေထွန်းနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးတင်လှိုင်ထွေး B.A(Law)LL.B** — **ဒေါ်ငုဝါဝင်း LL.B**
**(စဉ်–၂၁၃၆/၈၁)** — **(စဉ်–၁၅၇၉၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၁၀/၁၂၊ ပထပ်၊ အခန်းအမှတ်–၁၀၃(I)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ – ၃၇၃)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ် တရားမအထွေထွေမှုအမှတ် ၅၉
### ကွယ်လွန်သူ ဦးဝင်းထွန်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း

၁။ ဒေါ်စန်းစန်းဌေး ------------ လျှောက်ထားသူ
၂။ ဦးကြည်လင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာနေ လျှောက်ထားသူ ဒေါ်စန်းစန်းဌေး၊ ဦးကြည်လင်းတို့က ကွယ်လွန်သူ ဦးဝင်းထွန်း၏ညီ၊ ညီမအရင်းများဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာနေ ဦးဝင်းထွန်းမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီးများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးဝင်းထွန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ (၂၉)ရက်၊ (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂ ရက်) နံနက် (၁၀း၀၀)နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်စန်းစန်းဌေးနှင့် ဦးကြည်လင်းတို့၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဇင်ခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှ စတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ အနောက်(၉)လမ်း၊ အမှတ်(၉၂၆)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ၆-လွှာ[မျက်နှာမူလျှင်(ယာ)ဘက်]၊ အကျယ်အဝန်း(၁၈ပေx၅၄ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သဇ္ဇာခြည်ထွန်း[၁၂/သကတ(နိုင်)၁၉၀၈၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးကြည် [၁၂/တမန(နိုင်)၀၈၄၃၉၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာခင် (LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရုံးပေါင်းစုံ(၂)လမ်း၊ ကွင်းအမှတ်(၅၈၂-က) ကျောက်ပုန်းမြောက်ကွင်း၊ အကွက်အမှတ်(၃၃)၊ တပ်ကြီးကုန်း၊ ဒေါ်ခင်မာထွေး (ဘ) ဦးကျော်ထွေး(MTNT- ၀၀၈၉၅၉) အမည်ပေါက်မှ ဒေါ်နော်တင်ဦး (အေဂျီ-၂၄၇၂၆၀)အား မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မတီမှ ၄၁/၁-၃/မယက (၁၀၈၄)အမည် ပြောင်းလဲမြေအကျယ်အဝန်း ပေ (၄၅ x ၈၀)ပေရှိမြေအား ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်များအရ ယခုလက်ရှိ တရားဝင်ပိုင်ဆိုင်ထားသူ **ဦးကျော်မြင့်[၁၂/လမန(နိုင်)၀၅၄၃၅၃]** ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတချို့အားပေးချေပြီးဖြစ်ပါသည်။၎င်းမြေအတွက်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ၎င်းမြေကွက်နှင့် ပတ်သက်၍ စာချုပ်စာတမ်း မူရင်းများအားလုံးဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်တင့်တင့်ခိုင် (LL.B, DBL, DIL,CBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၅၃)**
**အမှတ်(၃၄၇)၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်။**
**ဖုန်း - ၀၉-၄၂၀၀၃၂၇၂၂၊ ၀၉-၇၉၃၀၃၂၇၂၂**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၉)ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ် (၄၂)၊ (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ ဒေါ်ပါပါ[၁၂/ဒဂတ(နိုင်)၀၁၆၄၇၅] အမည်ပေါက် ပါမစ်မြေကွက်အား အရပ်ကတိဆက်စပ် စာချုပ်များဖြင့် မိမိတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိ၍ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဝင်းဝင်းနွယ် [၁၂/ဥကတ(နိုင်)၁၃၄၇၉၇]က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်မြင်မြသန်း [၁၄/အမန(နိုင်)၀၇၀၆၉၃] မှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲမာန်ဗိုလ်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၃၁)**
**ဖုန်း-၀၉-၂၅၄၃၄၆၂၃၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂၆)၊ ကွင်းအမည်- အဝကျယ်ကွင်း၊ ဦးပိုင်အမှတ်-(၄/စ)၊ ဧရိယာ(၂.၂၉)ဧက အကျယ်အဝန်းရှိသော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထွက်ရှိထားသည့် မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမြင့်သိန်း ပိုင်ဆိုင်သော လယ်ယာမြေများနှင့် ယင်းလယ်ယာမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကွယ်လွန်သူ ဦးမြင့်သိန်း၏ ကိုယ်စား တရားဝင်ဇနီးဖြစ်သူ ဒေါ်စိန်နု[၁၂/လကန(နိုင်)၀၄၇၆၄၈]၊ ကံကြီးစုကျေးရွာ၊ ဝါးနက်ကုန်း ကျေးရွာအုပ်စု၊ လှည်းကူးမြို့နယ်တွင် နေထိုင်သူက လှည်းကူးခရိုင် တရားရုံးတော်၏ တရားမအထွေထွေမှု အမှတ်(၂၃/၂၀၂၄) အမိန့်အရ အမွေဆက်ခံပိုင်ဆိုင်ခွင့် လက်မှတ်ဖြင့် အလုံးစုံစီမံခန့်ခွဲနိုင်ခွင့်ကိုရရှိထားပါသည်။

အထက်ပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိန်နု အမည်သို့ ပြောင်းလဲလျှောက်ထားခြင်း၊ ဒေါ်စိန်နု အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) အား တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း၊ ထို့နောက် ဝယ်ယူသူ အမည်သို့ ပြောင်းလဲလျှောက်ထားပေးခြင်း စသည်တို့ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်။ သို့ဖြစ်ပါ၍ ၎င်းလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထွက်ရှိသော လယ်ယာမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူ အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်အကြောင်းအရာပါ ကိစ္စရပ်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်သီတာဆွေ(LL.B)** | **ဦးရဲလင်းထွဋ် (LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၁၄၇၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၁၇၃)** |

**ရုံးခန်း- အမှတ်(၂၀၄)၊ The Leaf Office Tower၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၂၉၈၀၆၀၂၊ ၀၉-၄၂၂၇၅၃၂၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သုခဒဂုံပြည်သူ့အငှားအိမ်ရာမှ အိမ်ခန်းများ ငှားရမ်းမည့်အစီအစဉ်နှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

၁။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမကြီးနှင့် ရန်ကုန်မြို့ပတ်လမ်းမကြီးလမ်းဆုံအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သုခဒဂုံပြည်သူ့အငှားအိမ်ရာမှ ဆောက်လုပ်ပြီးစီးသော အိမ်ခန်းများအား ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအား သတ်မှတ်ငှားရမ်းခနှုန်းထားများဖြင့် ငှားရမ်းနေထိုင်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အိမ်ငှားရမ်းခွင့်တင်ပြလာသော လျှောက်လွှာများအနက်မှ အိမ်ရာကြီးကြပ်မှုကော်မတီနှင့် အိမ်ခန်းနေရာချထားရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့မှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီသူများ၊ ယခင်မဲနှိုက်ခွင့်ရရှိပြီး မဲမပေါက်သူများကို တိုက်ခန်းငှားရမ်းခွင့်နှင့် အခန်းနေရာများကို မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပါသည်။

၂။ မဲနှိုက်ခွင့်ရရှိသူများစာရင်းနှင့် မဲနှိုက်ရမည့် အဆောက်အဦ၊ နေ့ရက်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင် (၁၁-၁၀-၂၀၂၄) ရက်နေ့မှ (၂၅-၁၀-၂၀၂၄) ရက်နေ့အထိ အသိပေးကြေညာထားမည်ဖြစ်ပါသည်။ မဲနှိုက်ရမည့်စာရင်း တွင်ပါဝင်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် မှတ်ပုံတင်(မူရင်း)နှင့် အိမ်ထောင်စုလူဦးရေစာရင်းများယူဆောင်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုခဒဂုံပြည်သူ့အငှားအိမ်ရာတွင် တည်ဆောက်ပြီးစီးသည့် သတ်မှတ်ထားသော အဆောက်အဦများအောက်တွင် (၂၆-၁၀-၂၀၂၄)ရက်နေ့ နံနက်(၁၀း၀၀)နာရီတွင် မဲနှိုက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သတ်မှတ်ချိန်အတွင်း လာရောက်ခြင်းမရှိပါက တိုက်ခန်းမဲနှိုက်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

**အိမ်ခန်းနေရာအငှားချထားရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီ**
**သုခဒဂုံပြည်သူ့အငှားအိမ်ရာ**
**ဖုန်း-၀၉-၄၂၁၂၅၉၆၈၂၊ ၀၉-၆၉၉၉၉၈၈၁၄**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ **ဦးမင်းခေါင်သန့်** (၁၂/ဗဟန(နိုင်)၁၀၄၀၆၇) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ **ဒေါ်မာလာဖြိုးဝေ** (၁၂/ဒဂတ(နိုင်)၁၀၉၇၀၇)တို့သည် (၂၁-၁၀-၂၀၂၁)နေ့တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် (၅-၁၀-၂၀၂၄)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်အား လက်မှတ်ရေးထိုး ကွာရှင်းခဲ့ကြပြီးဖြစ်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းခေါင်သန့် နှင့် ဒေါ်မာလာဖြိုးဝေ တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သော်သော်စန္ဒီဦး (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၁၄)
**09-43093746**
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၂၀၅)နေ ဦးမြင့်စိန်[၁၃/ရစန (နိုင်)၀၀၆၉၈၁]နှင့် ဒေါ်သင်းသင်းဦး[၁၃/ရစန(နိုင်)၀၀၆၉၈၄] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးမြင့်စိန်နှင့် ဒေါ်သင်းသင်းဦးတို့၏ သားဖြစ်သူ ဦးအောင်နိုင်မြင့် [၁၂/ကမတ(နိုင်)၀၆၄၄၀၇] ကိုင်ဆောင်သူသည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုများအပေါ် နာခံခြင်း၊ လိုက်နာခြင်းမရှိဘဲ မိဘများအား ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများနှင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး မည်သည့် ကိစ္စရပ်များကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း ဦးအောင်နိုင်မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူသူအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၈၃၇)**
**အမှတ်-၂၃၈/က၊ သံသုမာ(၂)လမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉ - ၄၄၂၄၃၅၁၄၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀ )
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃၇

| | | |
|---|---|---|
| ထွန်းနေဝင်းသစ္စာကုမ္ပဏီလီမိတက် (ကုမ္ပဏီ၏ကိုယ်စားဦးသူရအောင်) | နှင့် | ဦးလှဘုန်းဦး |
| **( တရားလို )** | | **( တရားပြိုင် )** |

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ မကျည်းတန်းရပ်ကွက်နေ တရားပြိုင် ဦးလှဘုန်းဦး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"စက်၊ ယန္တရားဖိုးအတွက် ပေးသွင်းရန်ကျန်ငွေနှင့် နစ်နာကြေးငွေ စုစုပေါင်းငွေ- ၃၅၄,၉၄၃,၆၈၀/- အပေါ် ဒီကရီရလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ( ၂၃ )ရက် [၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ( ၆ ) ရက်နေ့] မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ( ၉ ) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**( ခင်သူဟန် )**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အင်းစိန်ခရိုင်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 50(T)/DPTSC(PSD)/2024-2025 | 230/ 66/11kV, 50 MVA, Three Phase Power Transformer (၁)လုံး D.D.P(At 230kV Hlawga Substation, Yangon)ဝယ်ယူရန်။ |
| ခ | 51(T)/DPTSC(PSD)/2024-2025 | 230kV, 20 MVar Three Phase Shunt Reactor (၁)လုံး D.D.P (At 230kV Hlawga Substation, Yangon) ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၄-၁၀-၂၀၂၄) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊(၁၄/၁)ရပ်ကွက်၊မြင်သာ(၁၀)လမ်း၊တိုက်အမှတ်(၁၇၀/၁)ပေါ်တွင်ဆောက်လုပ်ထားသည့် ၂ခန်းတွဲ(၆)ထပ်တိုက်၏ စတုတ္ထထပ်၊၅လွှာ(အေ)၊ (၁၄ပေx၅၄ပေ)ရှိတိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်များအားအရောင်းအဝယ်စာချုပ်အရပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးတင်ကိုကိုဦး(၇/သဝတ(နိုင်)၀၀၁၅၅၉)၊ ဦးစောသူရထက်အောင်(၇/သဝတ(နိုင်)၁၂၃၇၉၆)၊ဒေါ်လင်းလင်းထက်(၁၂/လသယ(နိုင်)၀၇၂၃၃၄)တို့ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဿဒိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)တိုးချဲ့ ၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၃၈)၏ မြေအကျယ်အဝန်း(၈၀x ၆၇)ပေရှိ ဦးမြင့်အောင် [၁၂/ပဘတ(နိုင်)၀၂၂၁၃၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ခင်ဌေး [၁၂/ဗဟန(နိုင်)၀၇၀၁၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**တရားလွှတ်တော်ရှေ့နေများ**
**(အမှတ်-၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစိန်ဝင်း၏သား ဇော်မျိုးလတ် [၇/ပခန(နိုင်)၂၈၇၆၇၀]၏ နိုင်ငံကူးလက်မှတ်အမှတ် (MD- 858904)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၉၁၁၀၂၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်အမှတ်(၄၄၈-၄၅၀)၊ အခန်းအမှတ်(၂၀၁)ကို မူလ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးမူ [၁၂/မရက(နိုင်) ၀၉၈၁၇၁] ထံမှ စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးမြတ်သိန်းထွန်း [၄/ဟခန(နိုင်)၀၂၅၂၀၆] က ဒေါ်အေးအေးမူအမည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်းမှာ ပျောက်ဆုံးသွားကြောင်း အထောက်အထားများ တင်ပြ၍ ကျသင့်သော အခွန်အခများ ထမ်းဆောင်ပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်ခွင့် မှတ်ပုံတင် စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ အမှတ်- ၁၂/A တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်- ၃၂၊ မြေကွက်အမှတ်- ၅/ဠ-၂၊ ဧရိယာ (၀.၂၅)ဧကရှိ မြေပိုင်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့၏ အမည်ပေါက်သူ ဦးတေဇနှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်နှင့် အဆောက်အဦအရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ်- ၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ပစ္စည်းခန်းခွဲဝေပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးချမ်းမြင့် (၁၂/စခန (နိုင်) ၀၆၁၇၇၈) နှင့် ဦးမျိုးမင်းထွန်း (၁၂/အစန (နိုင်) ၁၈၉၁၉၈)ကိုင်ဆောင်သူတို့သည် (၂-၁၀-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ စာအမှတ် - ၂၃၃/၂၀၂၄ ဖြင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်သည့် အပြင် (၂-၁၀-၂၀၂၄)ရက်စွဲပါ **"နှစ်ဦးသဘောတူပစ္စည်းခွဲဝေခြင်းကတိစာချုပ်"** ချုပ်ဆိုပြီး လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား တရားဝင်ခွဲဝေပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဦးမျိုးမင်းထွန်း၏ဆောင်ရွက်မှုမှန်သမျှသည် ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်အေးချမ်းမြင့်နှင့်ပတ်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

**ဒေါ်အေးချမ်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်ဝင်းထွေး** | **ဒေါ်နုသန္တာအောင်** |
| LL.B W.I.P.O (Switzerland) | LL.B W.I.P.O (Switzerland) |
| တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၆၅၇) | တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၆၆၃) |

အမှတ် (၉၀)၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5163299 Ph : 09-420055510

## 5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်




- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက်ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ်နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။

**ထီတစ်စောင် (၁၀၀၀)ကျပ်**

**ထီကံစမ်းခွင့် တစ်လ (၂) ကြိမ်**

**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။**

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း(ရွာသစ်)၊ အမှတ်(၅၆၃)တွင်နေထိုင်သော ဖခင် ဦးမျိုးမြင့်ဝင်း+ မိခင် ဒေါ်မြသီတာ တို့၏သားဖြစ်သူ မောင်ဇေယျာမင်းထက်[၁၂/အစန(နိုင်) ၂၆၂၄၉၄] သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ သဘောမတူသော မိန်းကလေး တစ်ယောက်နှင့် လက်ထပ်သွားပါသောကြောင့် (၁၁-၁၀-၂၀၂၄) နေ့မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

(၎င်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဖခင် ဦးမျိုးမြင့်ဝင်း + မိခင် ဒေါ်မြသီတာ**
**[၁၂/အစန(နိုင်)၀၆၈၂၃၅] [၁၂/ကမရ(နိုင်)၀၁၀၄၄၅]**

---

### အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
### မရမ်းကုန်းခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇၄
### ကွယ်လွန်သူ ဒေါ်ကြည်(ခ)ဆအီဒွန်ဘေဂွန်၍ ကျန်ရစ်သောပစ္စည်းအကြောင်း။

၁။ ဦးဇော်ဝင်း
၂။ ဦးလှဝင်း ------ လျှောက်သူ။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗိုလ်ချုပ်ကွက်သစ်ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ်-၃၉၊ ၅-လွှာ(A)နေ ဦးဇော်ဝင်းနှင့် ရန်ကုန် တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ အမှတ်-၂၀၈ နေ ဦးလှဝင်းတို့က ကွယ်လွန်သူ ဒေါ်ကြည်(ခ)ဆအီဒွန်ဘေဂွန်၏ (၁) သားများဖြစ်သည်ဟူ၍ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ နတ်မောက် ရပ်ကွက်၊ အမှတ်(၁၆၁)နေ ၎င်းကွယ်လွန်သူ ဒေါ်ကြည်(ခ)ဆအီဒွန် ဘေဂွန်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူဒေါ်ကြည်(ခ)ဆအီဒွန် ဘေဂွန်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက် (၁၃၈၆ ခုနှစ် သီတင်းကျွတ် လဆုတ် ၁၁ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဦးဇော်ဝင်းနှင့် ဦးလှဝင်းတို့၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၁၄၇၉၊ ဧရိယာ (၀.၀၅၅) ဧက၊ (၄၀ ပေ x ၆၀ ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေ စာရင်းတွင် ဒေါ်သန်းအေး [၁၂/ဥကမ(နိုင်)၀၁၄၈၀၂] အမည်ဖြင့် မှတ်သား တည်ရှိပါသည်။ မြေအမည်ပေါက်သူထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင် ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်သူ ဦးမင်းသန့် [၁၃/ လရန(နိုင်)၁၅၇၉၄၆] က ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် တို့အား အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်လွှဲပြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏ မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇(မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

---

### "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ဂျီ)၊ မြေကွက်အမှတ်(I-၆) + (I-၇)၊ မြေဧရိယာ (၀.၀၈၇)+ (၀.၀၉၉) ဧကများရှိ ဒေါ်နီလာညွှန့် [၁၂/တမန(နိုင်)၀၄၉၀၈၆]+၅ အမည်ပေါက် နှစ်(၆၀)အငှားဂရန်မြေ(၂)ကွက်နှင့် ယင်းမြေများပေါ်ရှိ အမှတ်(၂၁၀/၂၁၂)၊ စက်ရုံလမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေ မြို့နယ်ဟုခေါ်တွင်သည့် နေအိမ်များ၊ စွဲကပ်တည်ရှိနေသောအရာများ အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်များက တရားဝင်ရောင်းချပိုင်ခွင့် အပြည့် အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက် အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ် - ၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေဝါခိုင်လမ်း၊ မြေကွက်အမှတ်(၆-ခ)၊ အကျယ်အဝန်း (အလျား ၁၇ ပေ x အနံ ၅၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းထိုက်အောင် [၁/ဗမန(နိုင်)၀၀၀၆၀၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ဦးသန်းထိုက်အောင်၏ဖခင်ဖြစ်သူ ဦးကျန်ကျော်မိုး(ခ)ဦးအောင်မြင့် [၁/ဗမန(နိုင်)၀၃၉၄၇၀] သို့ မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်မြလှဲ့ဝင်း(L.L.B) | ဒေါ်အေးအေးသိန်း(B.A, PGDL ) | ဒေါ်စန်းမြသက်(B.Sc, PGDL) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၉၂၁၂) | (စဉ်-၅၆၅၆၆) | (စဉ်-၅၆၅၆၅) |

**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

---

### "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လူနေရပ်ကွက်အမှတ်- ဦးကြင်ဥ(၁)လမ်း၊ မြေကွက်အမှတ်(၉၆၃) ဟုခေါ်တွင်သော ဧရိယာ(၄၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ ဦးစိုးတင့် (MUN- ၁၁၆၄၇၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ (ခေါင်းရင်းခြမ်း) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြင့်စန်း [၁၂/တမန(နိုင်)၀၃၈၅၇၆] ထံမှ ကျွန်ုပ် မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မျိုးမျိုးအေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၅၄)**
**အမှတ် (၉၄၂)၊ ဦးကြင်ဥ(၁)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၃၃၀၉၅**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအဆင့်မြင့်ကွန်ဒို၊ (၁၉)ထပ် RCC တိုက်အမျိုးအစားမှ တိုက်အမှတ်-9/B၊ အခန်းအမှတ်-၂၀၈၊ အထပ်-(15)ထပ်၊ ကြမ်းခင်းဧရိယာ(၈၂၈)စတုရန်းပေရှိ အဆင့်မြင့်ကွန်ဒိုတိုက်ခန်းကို ဦးမင်းသန်းထိုက် [၁၂/သဃက(နိုင်)၁၅၉၆၅၀] နှင့် ဒေါ်သိမ့်သီရိထွန်း [၁၂/သဃက(နိုင်)၁၆၁၀၈၆] တို့က မိမိတရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ရွှေဇင်အောင်[၁၂/ကမတ(နိုင်) ၀၆၇၆၀၈] က အဆိုပါတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေဇင်အောင် [၁၂/ကမတ(နိုင်)၀၆၇၆၀၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအောင် (LL.B, D.B.A., D.B.L., D.M.L.) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၅)**
**အမှတ် (၃၈၃)၊ ၃-လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၉၂၉၄၈၉၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ကမာကြည်အိမ်ရာ (Water Front Villa-3)၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၂၃)၊ အမည်ပေါက် ဦးဟုတ်စိန်(ခ)ဦးစိုးမြင့် [၁၂/ကတတ(နိုင်)၀၁၀၅၉၂]မှ မြေငှားစာချုပ်(ဂရန်)ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၃)ရပ်ကွက်၊ အမှတ်(၁၄၃)၊ နှင်းဆီလမ်း၊ (၄၀ x ၆၀) ပေ မြေကွက်အနက်မှ တစ်စိတ်တစ်ဒေသဖြစ်သော(၁၀ x ၆၀) ပေအကျယ်အဝန်းရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်သူ [၁၂/သလန(နိုင်)၁၂၀၇၅၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ပပနိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၇၂၁)**
**တိုက်(၇)၊အခန်း(၁၀၄)၊ အေ-၁လမ်း၊ ၉၄-ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၂၇၆၄၂၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သာကေတမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၁

| | | |
|---|---|---|
| ၁။ ဦးဆန်းဝင်း | နှင့် | ၁။ ဦးဝင်းနိုင် |
| ၂။ ဒေါ်ငွေရွှေ | | ၂။ ဦးသောင်းဟန် |
| | | ၃။ ဦးမျိုးမြင့် |
| | | ၄။ ဦးကျော်ဇင်ညွှန့် |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၈) လမ်းအရှေ့၊ အမှတ်(၃၂၈)နေ ၁။ ဦးဝင်းနိုင်၊ ၂။ ဦးသောင်းဟန်၊ ၃။ ဦးမျိုးမြင့် ၄။ ဦးကျော်ဇင်ညွှန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးဆန်းဝင်း၊ ဒေါ်ငွေရွှေတို့က ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုတို့၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုတို့က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့ နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းအိအိထွေး)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၅

| | | |
|---|---|---|
| ဒေါ်ချယ်ရီဝင်းလွင် | နှင့် | ၁။ Mrs. CHEN QIANQIAN |
| | | ၂။ မချစ်စုလှိုင် |
| | | ၃။ မပပဝင်း |
| | | ၄။ အောင်ဇော်ထူး(ခ)ဖိုးခွား |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ဂိတ်ဟောင်းမှတ်တိုင်၊ မြဝတီမင်းကြီးလမ်း၊ အမှတ်(၁၀၅)နေ အမှတ်(၄)တရားပြိုင် အောင်ဇော်ထူး (ခ)ဖိုးခွား (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကျူးကျော်ဝင်ရောက်နေထိုင်သူများအားနှင်ထုတ်ဖယ်ရှားပေးစေလိုမှု၊ ဂိုဒေါင်တွင်ခတ်ထားသည့် သော့ခလောက်များအား ဖယ်ရှားပေးရန်၊ နေအိမ်အဆောက်အဦ၊ မော်တော်ယာဉ်(၅)စီး၊ မော်တော်ယာဉ် Owner Book မူရင်း(၄)အုပ်၊ လက်ဝတ်ရတနာများ၊ အဆောက်အဦအတွင်းရှိ ဆက်စပ်ပစ္စည်းတို့အား လက်ရောက်ပေးအပ်စေလိုမှုနှင့် နစ်နာကြေးငွေ-၁၀၀၀,၀၀,၀၀၀/- (ကျပ်သိန်းတစ်ထောင်တိတိ) ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်(၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂ ရက်နေ့) မွန်းလွဲ (၁)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၇)၊ ပထမထပ်(A)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂½' x ၆၀') ပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ မီတာ၊ ရေစက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား **၁။ ဒေါ်ငွေငွေလှိုင် [၁၄/ပတန(နိုင်)၁၅၂၉၈၂] ၂။ ဦးဘုန်းမြတ်ကို [၁၂/တမန(နိုင်)၁၂၅၂၅၀]** မှ ပိုင်ဆိုင်ပါကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံသဖြင့် **၁။ ဦးရန်နိုင်ထွန်း [၁၂/ဥကမ(နိုင်)၁၈၉၀၇၇] ၂။ ဒေါ်ရီရီလင်း [၁၂/သဃက(နိုင်)၁၆၆၇၁၃]** မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဦးရန်နိုင်ထွန်း ၂။ ဒေါ်ရီရီလင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးနန္ဒာအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၄၃)**
**အမှတ် (၄၉၉)၊ ငမိုးရိပ် (၅)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၄၄၀၉၁၆၈**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု- ပဒါန်ရေကျော်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၁၅၃/ဘုရားငူ၊ ဦးပိုင်အမှတ်(၉/၁)၊ မြေဧရိယာ (၀.၇၆)ဧကရှိ လယ်မြေနှင့် ယင်းလယ်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းယုဆွေ [၁၂/လမန(နိုင်)၀၁၄၂၂၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်- ၁၅၊ ရတနာလမ်း၊ ဖျိုင်းရေအိုးစင်ရွာမရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်ရှိ ရန်ကုန်မြို့သစ်စီမံကိန်း၊ ယာယီမြေပေးမိန့်အမှတ်(၅၃၁၂/၂၀၂၀)အရ ပြန်လည်နေရာချထားသည့် အုပ်စု (RA)(RA-1)၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၈၄၄)၊ ဧရိယာ (၁၀၀' x ၁၀၀' )ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှမြိုင် [၁၂/တတန(နိုင်)၁၁၀၇၅၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်-၁၅၊ ရတနာလမ်း၊ ဖျိုင်းရေအိုးစင်ရွာမရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၂၈၂-ခ)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) ရှိ ဒေါ်စန်းခင် (TKI-၀၀၂၉၀၃) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဖခင် ဦးညွှန့်ရွှေ၊ မိခင် ဒေါ်စန်းခင်တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးဝင်းနိုင် [၁၂/ရပသ(နိုင်)၀၄၈၁၆၅]၊ ဒေါ်ရင်စိန် [၁၂/မရက(နိုင်)၀၇၂၇၂၅] တို့မှ မိမိတို့သာလျှင်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့်** | **ဦးကျော်ဝင်းလှိုင် (L.L.B)** |
| **LL.B, D.B.L, D.M.L, D.I.L** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ** | **(စဉ်-၁၇၄၇၇)** |
| **(စဉ်-၅၆၈၃) (၂၈-၆-၁၉၉၁)** | **(၂၁-၁၂-၂၀၂၁)** |
| **ဖုန်း-၀၉-၄၃၀၃၂၁၈၁** | **ဖုန်း-၀၉-၄၂၁၀၈၆၁၆၀** |

**အမှတ်(၉)၊ ဂန္ဓမာလမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ ချမ်းမြသာစည်လမ်း၊ မြေကွက်အမှတ်(၈၅၉)ဟုခေါ်တွင်သော (၄၀' x ၆၀')ရှိ ဦးခင်မောင်အေးအမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အားမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း (၂၀' x ၆၀') အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်ကိုကိုဝင်း [၁၂/ဒဂတ(နိုင်)၀၂၇၄၆၄]မှ မိမိသာလျှင် တရားဝင်ဝယ်ယူထားသော မြေကွက်ဖြစ်ပြီး လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အိအိခင် (စဉ်-၉၇၉၅)** | **ဒေါ်ကေခိုင်ဝန်း (စဉ်-၁၇၄၇၁)** |
| **LL.B, LL.M, D.M.L** | **LL.B** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၃၈)၊ အနော်ရထာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၄၁၀၆၊ ၀၉-၇၉၅၃၇၅၉၃၆**

## အမည်ပြောင်း

စဉ့်ကိုင်မြို့နယ်၊ နတ်ရေကန်ကျေးရွာ၊ အ.ထ.က(ခွဲ)၊ Grade (2) ၌ ပညာသင်ကြားနေသော ဦးချမ်းငြိမ်းဦး-ဒေါ်ငြိမ်းချမ်းဆုမွန်တို့၏သား မောင်ခန့်ရဲရင့်အား မောင်ငြိမ်းရဲသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ငြိမ်းရဲသန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၈-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၇)ဒေါ်ခိုင်သီတာမြင့်၏အမည်ပြောင်းတွင်မြေကွက်အမှတ်-၉၀၂/ခအစား၊မြေကွက်အမှတ်-၉၁၂/ခဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ RC ဆိုင်ခန်းအမှတ်(မ-၄၄)၊ ဒေါ်တင်မိုးမိုး၊ နိုင်ငံသားစိစစ်ရေးအမှတ် [၉/ပမန(နိုင်)၁၉၂၅၄၃] အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"** မှာ ပျောက်ဆုံးသွားပါသဖြင့် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)** ထုတ်ယူခွင့်ပြုပါရန် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မူရင်း)** ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ (မူရင်း)၊ ရဲစခန်းထောက်ခံချက် (မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ) များ တင်ပြပြီး **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)** လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်တင်မိုးမိုး အမည်ဖြင့်ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မူရင်း)** အား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်)** ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ သံဒင်း၊ မြေကွက်အမှတ်-၆၃၈၊ အတိုင်းအတာ(၄၀' x ၆၀')၊ မြေကွက်တည်နေရာအမှတ်(၆၃၈)၊ စွယ်တော်လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်ကြည်အောင်[၁၂/လမန(နိုင်)၀၁၃၄၁၀] အမည်ပေါက်ပါမစ်မြေအား အရပ်ကတိအရောင်းစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းချယ်ရီဝင်း [၁၄/လမန(နိုင်)၀၈၃၀၉၂] မှ မြေချပါမစ်တွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာ တင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့ တင်ပြနိုင်ခြင်းမရှိဘဲ မြေချပါမစ်(ပါမစ်မစုံ)၊ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ်-၂၅၇-ခ၊ ခြံဝင်းအတွင်းရှိ (အလျား ၃၀ ပေ x အနံ ၂၀ ပေ) အိမ်ခြံမြေကွက်နှင့် ယင်းအိမ်ခြံမြေကွက်နှင့်ပတ်သက်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ၎င်း၏အမွေဆက်ခံပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကြည်မောင် [၈/ဆမန(နိုင်)၀၄၈၂၂၇] နှင့် ဒေါ်တင်တင်စိုး [၁၂/အစန(နိုင်)၁၈၅၃၇၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်ပြည့်ပြည့်ဖြိုး [၁၄/မအပ(နိုင်)၂၄၁၉၂၄] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထက်ထက်မိုး (LL.B) (DBL) အထက်တန်းရှေ့နေ (စဉ်-၅၁၀၈၉)**
**အမှတ်-၅/၂၅၃၊ ရွှေလျှံဗိုလ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊**
**ဒလမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၂၅၈၈၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်(၃၂၁)၊ ချမ်းမြေ့သာယာလမ်း၊ အမှတ်(၃၂၁/၇၆)ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ) ကျယ်ဝန်းသည့် တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိလက်ဝယ် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ခင်လေးနွယ် [၁၂/ဒဂမ(နိုင်)၀၁၂၆၀၃] ကိုင်ဆောင်သူက ဝန်ခံ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် သက်သေအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနန္ဒာဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၂)**
**LL.B, MA(Business Law)**
**အမှတ်(၂၀၉)၊ ပထမထပ်၊ ၁၂-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၃၆၂၀၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကြာနီလမ်း၊ မြေကွက်အမှတ်(၈၉၁)ဟုခေါ်တွင်သော (၄၀' x ၆၀')ရှိ ဒေါ်ရတနာအောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အား မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း(၂၀' x ၆၀')အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သီတာအေး [၇/တငန(နိုင်)၁၀၄၆၆၀]မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဖြိုးဝေ LL.B (စဉ်-၁၇၄၆၁)** | **ဒေါ်အိအိခင် LL.B,LL.M,D.M.L (စဉ်-၉၇၉၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၃၈)၊အနော်ရထာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၄၁၀၆၊ ၀၉-၇၉၅၃၇၅၉၃၆**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါ အဆောက်အဦများအား တာဝန်ယူဆောင်ရွက်ခဲ့သော ကော်မတီမှအသိအမှတ်ပြု ကန်ထရိုက်တာလိုင်စင်ရ ဦးငွေဝင်း (LC-၁၀၁၇) သည် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ယမင်းနွယ် မှတ်ပုံတင်အမှတ်[၁၂/သဃက(နိုင်)၀၂၃၇၆၃]မှ ၎င်းအဆောက်အဦအတွက် ပေးသွင်းခဲ့သော အာမခံကြေးအား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ခွင့်ပြုရန်မသင့်ကြောင်း၊ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အကြောင်းကြားလိုက်သည် -

| စဉ် | အဆောက်အဦလိပ်စာ | မြေရှင်အမည် | အဆောက်အဦဆောက်လုပ်ခွင့်ရကန်ထရိုက်တာ | ကန်ထရိုက်တာလိုင်စင်အမှတ် |
|---|---|---|---|---|
| ၁ | အမှတ်-၇၊ လမ်း(၁၁၀) မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ဒေါ်သန်းညွန့်+၃ | ဦးငွေဝင်း | LC- ၁၀၁၇ |
| ၂ | အမှတ်-(၉၉၇/ခ)၊မာန်ပြေ (၁၇)လမ်း၊ ၃/မာန်ပြေရပ်ကွက် သာကေတမြို့နယ် | ဦးအောင်မိုးထွဋ် | ဦးငွေဝင်း | LC- ၁၀၁၇ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---



ပြင်သစ်အသင်းနှင့် အစ္စရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ပြင်သစ်အသင်းနဲ့ နော်ဝေအသင်းတို့ ဂိုးပြတ်နိုင်ပွဲရရှိပြီး အင်္ဂလန်အသင်း ရှုံးပွဲကြုံတွေ့

အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပွဲစဉ်တွေထဲမှာ ပြင်သစ်အသင်းနဲ့ နော်ဝေအသင်းတို့ ပြိုင်ဘက်အသင်းအသီးသီးကို ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အင်္ဂလန်အသင်းကတော့ ဂရိအသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ အစ္စရေးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ပြင်သစ်အသင်းအတွက် သွင်းဂိုးတွေကို ကာမာဗင်ဂါ၊ အန်ကွန်ကူ၊ ဂူအန်ဒူဇီနဲ့ ဘာကိုလာတို့က သွင်းယူပေးခဲ့ကာ အစ္စရေးအတွက် ချေပဂိုးကိုတော့ ဂန်ဒယ်မန်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ○

## ခေတ်မီဒီဇယ်လျှပ်စစ်ရထားတွဲဆိုင်းများဖြင့် အမှတ်(၁၅)အဆန် ရန်ကုန်-ပဲခူးနှင့် (၁၆)အစုန် ပဲခူး-ရန်ကုန် ပြေးဆွဲပေးမှု ခရီးသည်စီးနင်းမှုများပြား

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်အတူ စပိန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန်-ပဲခူးခရီးစဉ် အမှတ်(၁၅) အဆန်နှင့် ပဲခူး-ရန်ကုန်ခရီးစဉ် အမှတ်(၁၆)အစုန် စတင်ပြေးဆွဲခြင်း အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ကျင်းပပြီး စတင်ပြေးဆွဲလျက်ရှိရာ ရထားစီးခရီးသည် စီးနင်းမှုများပြားလျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❖



ခေတ်မီဒီဇယ်လျှပ်စစ်ရထားတွဲဆိုင်းများ စတင်ပြေးဆွဲလျက်ရှိရာ ခရီးသည်စီးနင်းမှုများပြားသည်ကို တွေ့ရစဉ်။

### ယနေ့ ဖတ်စရာ

**ကုလသမဂ္ဂ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အစီရင်ခံစာများနှင့် ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုဖော်ပြသင့်**

စာမျက်နှာ » ၅

**သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များပြေးဆွဲမည်**

စာမျက်နှာ » ၉

**အသိပညာဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှု မြင့်မားလာစေဖို့ စာပေဖတ်ရှုလေ့လာစို့**

ဆောင်းပါး စာမျက်နှာ » ၁၈

## FIFA နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲ ဘောလုံးပြိုင်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၁

FIFA နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲ ဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် သီရိလင်္ကာအမျိုးသားလက်ရွေးစင်အသင်းတို့ အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ MRTV-HD Channel၊ MRTV Parliament Channel၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Online Platform များမှလည်း မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်